# ကြေးမုံ
## The Mirror

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (8-4-2007) (၅၂၈၆)


**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးနေသူအချို့သည် ပြည်သူလူထုကိုအန္တရာယ်ပြုနေသည့် ရောဂါဆိုးကြီးများကိုဗန်းပြပြီး နိုင်ငံရေးအမြတ်ထုတ်နေ

## နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများကို အန္တရာယ်ပေးသည့်ရောဂါဆိုးကြီးများ မြန်မာ့မြေပေါ်က ပျောက်ကွယ်သည်အထိ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်းပြည်ပလူမှုရေးအသင်းအဖွဲ့များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည်

နေပြည်တော် ဧပြီ ၇

**ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**




အဆိုပါ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား ကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo၊ UNICEF၊ UNDP၊ UNFPA /JOICEP၊ UNAIDSနှင့် UNOPSတို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

**အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်း ပြောကြားစဉ်။** (သတင်းစဉ်)



**ကြေးမုံ The Mirror ဆောင်းပါးအညွှန်း**

"မင်းကိုနိုင်တို့အဖွဲ့၏ အဖြူရောင် ဝတ်ဆင်လှုပ်ရှားမှု၊ ပေးစာလှုပ်ရှားမှုတို့သည် အောင်မြင်မှု မရှိကြောင်းကို သူတို့ကိုယ်တိုင် သိရှိကြပါသည်။ ယနေ့ မြန်မာလူထုလိုလားသည်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ပြည်သူ လူထု၏ လိုလားချက်ကို မင်းကိုနိုင်တို့ ၈၈မျိုးဆက်ကျောင်းသားဆိုသူများသည် တတ်နိုင်သည့်ဘက်မှ တစ်တပ်တစ်အား ဖော်ဆောင်လုပ်ကိုင်သင့်ပါသည်"

ငါးမင်းဆွေ၏ **"ဘယ်သွားနေလဲ မင်းကိုနိုင်"** (ဆောင်းပါး) စာမျက်နှာ-၆၊၇

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror ၈–၄–၂၀၀၇ (တနင်္ဂနွေနေ့)

# မြေသယံဇာတများ အကျိုးရှိစွာ အသုံးပြု တစ်သီးမှ နှစ်သီး၊ သုံးသီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်း

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရေး၊ စိုက်ပျိုးရေရရှိရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို အစဉ်တစိုက်ဖော်ဆောင်ဖြည့်ဆည်းပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်မြောင်း တာတမံပေါင်းနှစ်ရာနီးပါးနှင့် မြစ်ရေတင်လုပ်ငန်း သုံးရာကျော်ကို တည်ဆောက်ပေးထားရာ လယ်မြေဧက ၂ ဒသမ ၆ သန်းကျော်ကို စိုက်ပျိုးရေပေးဝေအကျိုးပြုလျက်ရှိသည်။

ပဲခူးတိုင်းသည် ရေ၊ မြေရာသီဥတုကောင်းမွန်သော ဒေသဖြစ်ရာ ဖြစ်တည်နေသည့် သဘာဝမြေသယံဇာတများကို အပြည့်အဝအသုံးပြု စိုက်ပျိုးထုတ်လုပ်ကြရမည် ဖြစ်သည်။

ယခုအခါ စစ်တောင်းမြစ်ဝှမ်းနှင့် မိုးမခမြစ်ဝှမ်းဆက်စပ်ဒေသများတွင် ရေလွှမ်းမိုးမှုကာကွယ်ရေး၊ စိုက်ပျိုးမြေ ဖော်ထုတ်ရေးလုပ်ငန်းများကို စီမံဖော်ဆောင်လျက်ရှိသည်။ ပဲခူးဒေသ ဒိုက်ဦး၊ ပြွန်တန်ဆာ လွင်ပြင်၊ ဧရာဝတီမြစ်နှင့် ဆက်စပ်ရေစီးဆင်းမှုရှိသော မြစ်မခမြစ်ဝှမ်းဒေသတို့တွင် ရေကြီးကွင်းများ၌ တာတမံဆောက်လုပ်ခြင်း၊ ရေနက်ကွင်းများတွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြစ်ကြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လုပ်ကိုင်ခြင်းတို့ဖြင့် စိုက်ပျိုးမြေများ ဖော်ထုတ်စိုက်ပျိုးလာနိုင်မည် ဖြစ်သည်။

ပဲခူးတိုင်းအတွင်းတွင် ၂၀၀၆–၂၀၀၇ ခုနှစ်က မိုးစပါးစိုက်ဧကသိန်း ၃၀ ကို လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင် ခဲ့သည်။ ယခုအခါ တောင်သူလယ်သမားများက နွေစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိရာ စုပေါင်းမြေဩဇာကြဲပက်ခြင်း၊ တမန်းနှိုးပေါင်းလိုက်ခြင်းများ လုပ်ကိုင်နေကြပြီဖြစ်သည်။

ခေတ်မီစိုက်ပျိုးရေးနည်းပညာများနှင့် သီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို လယ်ယာမြေအဖြစ် ဖော်ထုတ်အသုံးပြုလာခြင်းတို့ကြောင့် ဒေသအလိုက် သီးနှံစိုက်စွမ်းအား တိုးတက်ခြင်းနှင့် အထွက်နှုန်းမြင့်မားခြင်း အကျိုးရလဒ်ကောင်းများ ရရှိနေကြပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ ပံ့ပိုးဖြည့်ဆည်းမှုများနှင့်အတူ မြေသယံဇာတအခြေအနေပေးမှုများကို အကျိုးရှိရှိ အသုံးချပြီး တစ်သီးမှ နှစ်သီး၊ သုံးသီးအထိ သီးထပ်သီးညှပ် သီးနှံများ တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် စားနပ်ရိက္ခာဖူလုံရုံမျှမက ပိုလျှံစွာ ထွက်ရှိလာမည်ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်နေ ဦးလှဝင်း–ဒေါ်ပြုံးကြည်(ပြည်တော်အေးသစ်စက်)မိသားစုက စတုတ္ထအကြိမ် ငွေကျပ် ၁၀၀၀၀၀ နှင့် ပဉ္စမအကြိမ် ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယက၊ ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်တွေ့ဆုံ

နေပြည်တော် ဧပြီ ၇

**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ် Mr. Won Bae Dahn နှင့် အဖွဲ့ဝင်များသည် ဧပြီ ၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆန်းထွန်းနှင့် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)



သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ် Mr.Won Bae Dahn နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ ကုန်းတလပေါင်ဓမ္မသဘင်

**ရန်ကုန် ဧပြီ ၇**

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိ စာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီပျော်ဘွယ် ပဋိပတ္တိသာသနာ့ရိပ်သာတို့၏ ပဓာန နာယက၊ ဂန္ထဝါစက ပဏ္ဍိတသဒ္ဓမ္မဇောတိကဓဇ ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပသာသနာပြု ဓမ္မကထိက ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီသည် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်စံပြကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ ဓမ္မသဘင်၌ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွာသူ၊ ရွာသား လူငယ်များအဖွဲ့၏ ပထမအကြိမ် သင်္ကြန်အကြို အထူးတရား၌ ဧပြီ ၁၂ရက် ည ၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

## အရှင်စန္ဒသာရ(ကျောင်းကုန်း)သင်္ကြန်တရားစခန်းပွဲ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်း လှိုင်သာယာမြို့ လှိုင်ရတနာလမ်း (၁၂)ရပ်ကွက် လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၄၆) ဓမ္မရိပ်သာကြီးတွင် ခုနစ်ရက် သင်္ကြန်အထူးတရားစခန်းပွဲကြီးကို ဧပြီ ၁၀ ရက် မှ ၁၆ ရက် (တန်ခူးလပြည့်ကျော် ၉ ရက်မှ ကဆုန်လဆန်း ၁ ရက်)အထိကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်မြတ်က ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို ဟောကြားမည်ဖြစ်၍ တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၉ ရက် ညနေအရောက် ကြွရောက်ကြပါရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က–ပ)

## နွေရာသီအဆင့်မြင့်ဘောလုံးသင်တန်း ဖွင့်လှစ်မည် ဘောလုံးအဖွဲ့ချုပ်၌ လျှောက်လွှာများရယူနိုင်

**ရန်ကုန် ဧပြီ ၇**

နွေရာသီအဆင့်မြင့် ဘောလုံးသင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နွေရာသီ အဆင့်မြင့် ဘောလုံးသင်တန်းကို ဧပြီ ၂၇ရက်မှ မေ ၂၆ ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ လေ့ကျင့်ရေး ကွင်း(၃)နှင့် ကွင်း(၄)တို့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာလူငယ်ဘောလုံးအသင်း နည်းပြဆရာများက သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ ယင်းသင်တန်း၌ အသက် ၈ နှစ်မှ ၁၀ နှစ်တန်းအတွက် ၆၀၊ အသက် ၁၁နှစ်မှ ၁၃ နှစ်တန်းအတွက် ၆၀ စုစုပေါင်း သင်တန်းသား ၁၂၀ ကို လက်ခံသင်ကြားပေးမည်ဖြစ်ပြီး နေ့စဉ်နံနက် ၇ နာရီမှ ၉နာရီခွဲအထိ သင်ကြားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများသည် သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဧပြီ ၉ရက်မှ စ၍ အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တွင် အခမဲ့ ရယူနိုင်ကြောင်း သိရသည်။ အသေးစိတ်သိလိုပါက ဖုန်း–၅၇၇၃၆၆နှင့် ၅၆၁၅၃၉တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ဧပြီ ၂၄ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ (ကြေးမုံ)

## လောမြို့ သရက်တောပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်း ဖွင့်မည်

**နေပြည်တော် ဧပြီ ၇**

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် လောမြို့ သရက်တောပရိယတ္တိ စာသင်တိုက်တွင် သာသနဓဇ ဓမ္မာစရိယ ဝိဒူ(၅)ဘွဲ့ရ ဘဒ္ဒန္တကုမာရ (ပဓာနနာယက) ဆရာတော်က (၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ(၁၀)ရက် တရားစခန်းကို ဧပြီ ၁၂ရက်မှ ၂၃ရက်အထိ ဖွင့်လှစ်မည်ဖြစ်၍ တရားစခန်းဝင်မည့် ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ပဋ္ဌာန်းဒေသနာတော်သင်တန်း

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၏ ဒုတိယပါမောက္ခချုပ် ဒေါက်တာအရှင်ကုမာရာဘိဝံသ(ဇန်းမော်ဆရာတော်)က ပဋ္ဌာန်းဒေသနာတော်သင်တန်းကို ဧပြီ ၂၃ ရက်မှ စတင်၍ (ဥပုသ်နေ့မှအပ) နေ့စဉ် ညနေ ၃နာရီမှ ၄နာရီအထိ အမှတ် ၄၉–၅၁ ဗဟန်းလမ်းမကြီး (ဗဟန်း–၃လမ်း၊ မှတ်တိုင်အနီး) ရှိ အဘိဓမ္မာ ရတနာဃရ ဓမ္မဗိမာန်ကြီးတွင် ဓမ္မဒါန ပို့ချမည်ဖြစ်၍ ရဟန်းရှင်လူ မည်သူမဆို တက်ရောက်သင်ယူ နာကြားနိုင်ကြောင်း သိရသည်။ (က–ပ)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မအူပင်မြို့ ရတနာထွန်းမိသားစုက ကွယ်လွန်သူ ဒေါ်လှကျင် ကိုးနှစ်မြောက်အားရည်စူး၍ ဦးစိန်ကောက်–ဒေါ်တင်ကြည်၊ သား၊သမီး၊မြေးတစ်စုက ငွေကျပ်၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ်အရှေ့ဘက် တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်၊ စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၇

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ်အရှေ့ဘက် တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်၊ စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်စာအုပ်၊ စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းကြသည်။**






**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)က ပျဉ်းမနားမြို့နယ်အရှေ့ဘက် တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်၊ စာစောင်၊ ဂျာနယ်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်အရှေ့ဘက် တောင်ပေါ်ကျေးရွာများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အလှူရှင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယနေ့မိမိတို့နိုင်ငံ၏ လူငယ်လူရွယ်များအတွက်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပညာရည်မြင့်မားရန် အခွင့်အလမ်းများအားလုံး ပွင့်လင်းနေပြီး မိမိတို့ သင်ယူလိုသည့်ပညာကို အခြေခံပညာမှစ၍ မိမိတို့ ကျေးရွာအတွင်း ကျေးရွာအုပ်စုအတွင်း၊ မြို့နယ်၊ခရိုင်၊ ပြည်နယ်၊ တိုင်းအတွင်း လွယ်ကူစွာ တက်ရောက်သင်ကြားနိုင်ပြီဖြစ်ကြောင်း။

ထို့အပြင် ကျေးလက်နေပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရရှိလာစေရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်လာရေးတို့အတွက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်ပေးသည့် လုပ်ငန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် ကျေးရွာပေါင်း ၆၁၉၄၉ ရွာ ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၄၇၀၇ တိုက် ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူလူထု၏အားစသည့် အားသုံးအားဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရန်ပုံငွေနှင့် စာအုပ်စာတမ်းများကို ပံ့ပိုးပေးပြီး ဒေသခံပြည်သူများနှင့် စေတနာရှင်ပြည်သူများက မိမိတို့ဒေသများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်နိုင်အောင် စိတ်အားထက်သန်စွာပါဝင်ပူးပေါင်းဆောင်ရွက်ကြခြင်းကြောင့် အောင်မြင်လာရခြင်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြခြင်းပင် ဖြစ်ကြောင်း။

ဖွင့်လှစ်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်ငါးရပ်ဖြစ်သည့် ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီးစာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင် စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံ ဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂများ စုံလင်စွာ ရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ထိန်းသိမ်းရာတွင် ကျွမ်းကျင်သည့် စာကြည့်တိုက်မှူးများ ရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၏အား၊ ကျေးရွာအလိုက် စာကြည့်တိုက် ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းနှင့် အခြား လူမှုရေးအသင်းအဖွဲ့များ၏ အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ အား ဟူသော အားလေးအားဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အချုပ်အားဖြင့် မိမိတို့၏ ကျေးရွာ ဘုန်းတော်ကြီးကျောင်းများကို မိမိတို့ ကျေးရွာပြည်သူများက ကျောင်းဆောက်လုပ်လှူဒါန်းပြီး နေ့စဉ် ဆွမ်း၊ ကွမ်းမပြတ်ဆက်ကပ်လှူဒါန်းနေသကဲ့သို့ စာကြည့်တိုက်များကိုလည်း ကျေးရွာ၏ ဒုတိယ ဘုန်းတော်ကြီးကျောင်းကဲ့သို့ မှတ်ယူကာ ရေရှည်တည်တံ့ခိုင်မြဲပြီး ပိုမိုတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေကအမှာစကား ပြောကြားရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာ ၁၅ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုဆိုလျှင် အသင်းကြီး၏ သက်တမ်းသည် (၁၄)နှစ် ကာလထဲ ရောက်ရှိနေပြီဖြစ်ကြောင်း၊ စတင်ဖွဲ့စည်းစဉ်ကတည်းကပင်ဒို့တာဝန် အရေး(၃)ပါး ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် အမျိုးသားရေး မူဝါဒလမ်းစဉ်(၃)ရပ်ကို အသင်း၏ ရည်ရွယ်ချက်(၅)ရပ် ထဲတွင် ဦးစွာထည့်သွင်းဖော်ပြထားသကဲ့သို့ အသင်းကြီး၏ အန္တိမရည်မှန်းချက်သည်လည်း နိုင်ငံတော်ကြီး တစ်ရပ်လုံးအေးချမ်းသာယာပြီးခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ရေးဆိုသည့် ရည်မှန်းချက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရန် ဆိုရာတွင်လည်း နိုင်ငံ၏ လူဦးရေရာခိုင်နှုန်း၇၀ကျော်နေထိုင်သော ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာပါမှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်နှင့်တိုင်း၊ ပြည်နယ်နှင့်တိုင်းမှ ဗဟိုအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး နေ့မအား ညမနား ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အနေဖြင့်လည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးကို အမျိုးသားရေး တာဝန်အဖြစ် ခံယူပြီး တက်ကြွစွာ ဦးဆောင်ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ပျဉ်းမနားမြို့ အရှေ့ဘက် တောင်ပေါ်ကျေးရွာ ၂၀၌ ကျေးလက်စာကြည့်တိုက် အဆောက်အအုံများကို တည်ဆောက်ပေးခဲ့သည့်အပြင် စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အနေဖြင့် ပျဉ်းမနားအရှေ့ဘက် တောင်ပေါ်ကျေးရွာ ၂၃ရွာကိုလည်း မီးလင်းရေးအတွက် ရေအားလျှပ်စစ်များ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ရာ တောင်ပေါ်ကျေးရွာများလည်း လျှပ်စစ်မီးများ ရရှိနေကြပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ချမှတ်ပြီး နေ့မအား ညမနား နယ်စပ်ဒေသများပါမကျန် အရှိန်အဟုန်မြင့် ဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့်လည်း နေရာဒေသအနှံ့ ကွက်လပ်မကျန်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အသင်းဝင်များနှင့် နယ်မြေလူထုပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ကျေးရွာများ ဖြစ်သော ဘန့်ဘားကျေးရွာအုပ်စု၊ သစ်တွန်ကျေးရွာအုပ်စုနှင့် ဆင်သော့/ကျောက်သံပတ်ကျေးရွာအုပ်စု စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများကို ပေးအပ်လှူဒါန်းရာ ဘန့်ဘားကျေးရွာအုပ်စုမှ ဦးအောင်မင်းလွင်၊ သစ်တွန်ကျေးရွာအုပ်စုမှ ဦးကျော်စိန်နှင့်ဆင်သော့/ ကျောက်သံပတ်ကျေးရွာအုပ်စုမှ ဦးစောဟဲမူတို့က အသီးသီးလက်ခံကြသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မဲပေါက်ကျေးရွာအုပ်စု၊ သစ်တွန်ကျေးရွာအုပ်စုနှင့် ပြည်စံအောင်စံပြကျေးရွာတို့အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများကို ပေးအပ်လှူဒါန်းရာ မဲပေါက်ကျေးရွာအုပ်စုမှ ဦးမင်းစိန်၊ သစ်တွန်ကျေးရွာအုပ်စုမှ ဦးမောင်အေးနှင့် ပြည်စံအောင်စံပြကျေးရွာမှ ဦးအောင်ငွေတို့က အသီးသီးလက်ခံကြသည်။ ထို့နောက် တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ စာအုပ်၊စာစောင်နှင့် ဂျာနယ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးတို့က ပေးအပ်လှူဒါန်းကြရာမဲပေါက်ကျေးရွာအုပ်စုမှ ဦးမြအောင်၊ ဦးကျော်ရဲနိုင်၊ သစ်တွန်ကျေးရွာအုပ်စုမှ ဦးမောင်ဘနှင့် ဦးအောင်နိုင်ဦးတို့က အသီးသီးလက်ခံကြသည်။

ယင်းနောက် ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ စေတနာရှင် မြို့မိမြို့ဖ ဦးသိန်းထွေး(နန်းစိန်မုန့်တိုက်)မိသားစုက ငွေကျပ်နှစ်သိန်းကျော် တန်ဖိုးရှိ ပရင်တာတစ်လုံးကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမြင့်ကျော်က လက်ခံသည်။

ထို့နောက် တောင်ပေါ်ကျေးရွာအုပ်စုများ၏ ပြည်သူများကိုယ်စား ဒေသခံကရင်တိုင်းရင်းသား ဦးစောထူးမြင့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် အခမ်းအနား တက်ရောက်လာကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)က ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားစက်အလုံး ၂၀၊ ရေဒီယိုအလုံး၂၀နှင့် စာအုပ်၊စာစောင်နှင့်ဂျာနယ်များ စုစုပေါင်း ၃၂၅၀တို့ကို လှူဒါန်းကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (ဗဟို)က ပျဉ်းမနားမြို့နယ်အရှေ့ဘက် တောင်ပေါ်ကျေးရွာ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်၊ စာစောင်၊ ဂျာနယ်များ ပေးအပ်ပွဲတွင် မဲပေါက်ကျေးရွာအုပ်စု၊ သစ်တွန်ကျေးရွာအုပ်စုနှင့် ပြည်စံအောင် စံပြကျေးရွာတို့အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် ရေဒီယိုများကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)




## တရားစခန်းပွဲအကြို ဓမ္မပူဇာသဘင်ပွဲ

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမပါဠိ တက္ကသိုလ်ကျောင်းတိုက်၌ အောင်လံ၊ သဲအင်းဂူတိုက်ခွဲ အမှတ်(၃၂)၊ သောတာပတ္တိမဂ်၊ ရှုဖွယ်ကျမ်းပြု ဆရာတော် အရှင်စန္ဒိမာ(အောင်လံဆရာတော်)က အထူးအဓိဋ္ဌာန်တရားစခန်းပွဲ အကြိုအဖြစ် ဓမ္မပူဇာတရားပွဲကို ဇွန် ၂၃ရက်(တနင်္လာနေ့)တွင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) နှင့် ဇွန် ၂၄ရက်(အင်္ဂါနေ့)နှင့် ဇွန် ၂၅ရက်(ဗုဒ္ဓဟူးနေ့) တွင် အောင်လံဆရာတော် အရှင်စန္ဒိမာတို့က ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

# ဗီယက်နမ်တွင် အာကာသနည်းပညာသိပ္ပံ ဖွင့်လှစ် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်မည်

**ဟနွိုင်း ဧပြီ ၆**

ဗီယက်နမ်နိုင်ငံတွင် အာကာသနည်းပညာသိပ္ပံကို အင်္ဂါနေ့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

**အသုံးချ**

ဗီယက်နမ် အာကာသနည်းပညာသိပ္ပံသည် ဂြိုဟ်တုနည်းပညာရပ်များကို တီထွင်ဖော်ထုတ်ခြင်း၊ အာကာသဆိုင်ရာစက်ကိရိယာများ ထုတ်လုပ်ခြင်း၊ လူနေမှုဘဝတွင် အာကာသနည်းပညာရပ်များကို အသုံးချခြင်း၊ ဓာတ်ခွဲခန်းများနှင့် မြေပြင်အခြေစိုက်စခန်းများ တည်ဆောက်ခြင်း၊ အာကာသရေးရာသုတေသနပြုလုပ်ခြင်း စသည့်လုပ်ငန်းများကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်အစိုးရသည် အာကာသနည်းပညာ သုတေသနပြုခြင်းနှင့် အသုံးချခြင်းဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲချမှတ်ထားကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဂြိုဟ်တုငယ်များ ထုတ်လုပ်နိုင်ရန်နှင့် မြေပြင်အခြေစိုက်စခန်းများ တည်ဆောက်သွားရန် ရည်မှန်းထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိဖြစ်သော ကာလတွင် ဆက်သွယ်ရေး၊ မိုးလေဝသနှင့် ဇလဗေဒ၊သဘာဝအရင်းအမြစ်၊သဘာဝပတ်ဝန်းကျင်၊ ဂြိုဟ်တုနည်းပညာသုံး မြေပုံထုတ်လုပ်ငန်းတို့နှင့် သက်ဆိုင်နေသော အာကာသရေးရာလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

*အမ်အင်အေ၊ ဆင်ဟွာ။*



နယူးယောက်မြို့ အပြည်ပြည်ဆိုင်ရာ ကားပြပွဲ၌ ပြသထားသော မာစီဒီးဘင့် အမျိုးအစား ကားတစ်စီးကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အင်ဒိုနီးရှား အနောက်ပိုင်း၌ ငလျင်လှုပ်

**ဂျကာတာ ဧပြီ ၆**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း ဆူမားတြားကျွန်း ဘန်ကူလူး ပြည်နယ်၌ ဧပြီ ၄ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး အင်အား ၅ဒသမ ၈အဆင့်ရှိ ငလျင်တစ်ခု ပင်လယ်ရေအောက်တွင် လှုပ်သွားကြောင်း အမျိုးသားမိုးဇလနှင့် ဘူမိရူပအေဂျင်စီက သတင်းထုတ်ပြန်သည်။

ဂျကာတာ စံတော်ချိန် နံနက် ၃နာရီ ၂၃မိနစ် (ဂရင်းနစ်စံတော်ချိန် ၂၀၂၃ နာရီ) တွင် ငလျင်လှုပ်သွားကြောင်း၊ ငလျင်၏ ဗဟိုချက်သည် ဘန်ကူလူးပြည်နယ် ဘင်တူဟန်မြို့၏ အနောက်တောင်ဘက် ၁၀၅ ကီလိုမီတာ အကွာတွင်ရှိကြောင်း၊ ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာရမှုကို မသိရှိကြောင်း အမျိုးသားမိုးဇလနှင့် ဘူမိရူပအေဂျင်စီက ပြောကြားသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

# တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း ယခုနှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိမည်

**ရှန်ဟိုင်း ဧပြီ ၆**

တရုတ်နိုင်ငံသည် ၁၀ နှစ်အတွင်း အမေရိကန် ပြည်ထောင်စုကို ဖြတ်ကျော်ကာ ကမ္ဘာပေါ်တွင် အကြီးဆုံးသောစားသုံးမှု ဈေးကွက်ဖြစ်လာမည်ဟု အငယ်စား စီးပွားရေးလုပ်ငန်းနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင် ၅၇ ရာခိုင်နှုန်းက ယုံကြည်ကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ၂၀၀၇ခုနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်လာဖွယ်ရှိသည်ဟု တရုတ်စီးပွားရေးလုပ်ငန်းရှင် ၈၂ရာခိုင်နှုန်းက ယုံကြည်လျက်ရှိကြောင်း ၂၀၀၇ခုနှစ် အာရှစီးပွားရေး စောင့်ကြည့်လေ့လာရေးအစီရင်ခံစာအရသိရှိရသည်။

စီးပွားရေး လုပ်ငန်းလုပ်ရာတွင် ယှဉ်ပြိုင်မှု ပိုမိုရှိလာနိုင်သည်ဟု ၇၁ ရာခိုင်နှုန်းသော တုံ့ပြန်ဖြေကြားသူများက ပြောကြားသည်။ ၇၄ရာနှုန်းရှိသည့် တုံ့ပြန်ဖြေကြားသူများက အာရှ-ပစိဖိတ်ဒေသ ကုန်သွယ်မှုပမာဏသည် ဆက်လက်ကြီးထွားနေဦးမည်ဟု ထင်မြင်ကြသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*



ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မင်ဒါနာအိုဒေသရှိ တံငါရွာမှ လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အာရှတိုက်၏ ၃၅ဦးမြောက် အချမ်းသာဆုံး အမျိုးသမီး သေဆုံး

**ဟောင်ကောင် ဧပြီ ၆**

အာရှတိုက်တွင် အချမ်းသာဆုံး အမျိုးသမီးဖြစ်သူ နီနာဝန်သည် ကင်ဆာရောဂါဖြင့် ဧပြီ ၃ ရက်က သေဆုံးသွားကြောင်း ၎င်း၏ ကိုယ်ရေးလက်ထောက်က ဧပြီ ၄ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ဟောင်ကောင်တွင် နေထိုင်သူ နီနာဝန်သည် အမေရိကန်ဒေါ်လာ ၄ဒသမ ၂ဘီလီယံ ပိုင်ဆိုင်ပြီး အာရှတိုက်တွင် ၃၅ဦးမြောက် အချမ်းသာဆုံး အမျိုးသမီးတစ်ဦးဖြစ်ကြောင်း ဖိုးဘီးစ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ် နန်ကျင်းတိရစ္ဆာန်ရုံအတွင်း မွေးမြူထားသည့် ကျားဖြူ သားအမိကို ဧပြီ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်ကျေးလက်ဒေသများသို့ ဆရာဝန်နှင့်သူနာပြုများ စေလွှတ်မည်

**ပေကျင်း ဧပြီ ၆**

တရုတ်နိုင်ငံ မြို့ကြီးများရှိ ဆရာဝန်နှင့်သူနာပြု ၅၅၀၀ခန့်ကို ယခုနှစ်တွင် ကျေးလက်ဒေသများသို့ စေလွှတ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**သင်ကြားပေး**

မြို့ကြီးများမှ ဆရာဝန်များနှင့်သူနာပြုများကို ကျေးလက်ဒေသများတွင် တစ်နှစ်ကြာ နေထိုင်စေပြီး ကုသရေးလုပ်ငန်း၊ ဆေးခန်းများ ထူထောင်ဖွင့်လှစ်သည့်လုပ်ငန်းနှင့် ဒေသခံ ကျန်းမာရေးဝန်ထမ်းများအား သင်ကြားပေးမှုလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် ကျန်းမာရေးလုပ်ငန်းဝန်ဆောင်မှု တိုးတက်စေရန် "ကျေးလက်ကျန်းမာရေး ဆေးဝန်ထမ်း သိန်းချီဖြည့်တင်းပေး"ဟူသော ဆောင်ပုဒ်ဖြင့် သုံးနှစ်ကြာမြင့်မည့် ကျန်းမာရေးစီမံကိန်းကို ၂၀၀၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်လျက်ရှိရာ ဆေးဝန်ထမ်းများကို ကျေးလက်သို့ စေလွှတ်ရေးလည်းပါဝင်သည်။

*အမ်အင်အေ၊ ဆင်ဟွာ။*

# မာရာဒိုနာ၏ကျန်းမာရေး တိုးတက်ကောင်းမွန်လာ

**ဗျူနိုအေရိစ် ဧပြီ ၆**

အရက်သေစာ အလွန်အကျွံသောက်စားမှုကြောင့် ဖြစ်ပွားသည့် အသည်းရောင်ရောဂါကြောင့် အာဂျင်တီးနားနိုင်ငံဗျူနိုအေရိစ်ဆေးရုံသို့ တက်ရောက်ကုသနေသော နာမည်ကျော် ဘောလုံးသမားဟောင်း ဒယေဂိုမာရာဒိုနာ၏ ကျန်းမာရေးအခြေအနေသည် ကောင်းမွန်တိုးတက်မှုရှိကြောင်း ဆရာဝန်များက အင်္ဂါနေ့တွင် ပြောကြားသည်။

အသက် ၄၆ နှစ်ရှိ မာရာဒိုနာသည် ၁၉၉၇ ခုနှစ်တွင် ဘောလုံးကစားခြင်းမှ ရပ်နားပြီးခဲ့သည့်နောက်ပိုင်း ကိုကင်းမူးယစ်ဆေးဝါးသုံးစွဲမှု ဖြတ်တောက်နိုင်ရန် ကြိုးပမ်းခဲ့ရာမှ အဝလွန်လျက်ရှိသည်။ ၎င်း၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားလာခဲ့ပြီး လွန်ခဲ့သည့်ခြောက်ရက်ခန့်က ဆေးရုံတက်ရောက်ခဲ့ရခြင်းဖြစ်သည်။ *အမ်အင်အေ၊ ရိုက်တာ။*

# အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၃၂၆၆ ဦးရှိ

**ဝါရှင်တန် ဧပြီ ၆**

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့် ၂၀၀၃ခုနှစ် မတ်လမှစ၍ ၂၀၀၇ခုနှစ် ဧပြီလအထိ ထိုစစ်မြေ၌ သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၃၂၆၆ဦးထက်မနည်း ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းများက ဖော်ပြသည်။

သေဆုံးသူများအနက် ၂၆၃၃ ဦးသည် ခုခံရေးသမားများနှင့်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်များက ဖော်ပြသည်။ အေပီသတင်းဌာန၏ စာရင်းသည် အမေရိကန်စစ်ဘက်စာရင်းနှင့် နှိုင်းယှဉ်လျှင် ခုနစ်ဦး ပိုမိုများပြားနေသည်။

*အင်တာနက်။*



# ပေါင် ၇၀၀ ရှိ အမျိုးသမီးကို မီးသတ်သမားများကယ်ဆယ်ရ

**ဖီလာဒဲလ်ဖီးယား ဧပြီ ၆**

အမေရိကန်နိုင်ငံ ဖီလာဒဲလ်ဖီးယားမြို့တွင် မီးသတ်သမားများက ပေါင် ၇၀၀ ရှိ အမျိုးသမီးတစ်ဦးကို ရေချိုးခန်းအတွင်းမှ ကယ်ထုတ်ပေးခဲ့ကြောင်း၊ ၎င်းကို ကယ်ထုတ်ရာတွင် ပြတင်းတံခါးကို ဖယ်ရှားပြီး ပြင်ပနံရံကို ဖြတ်ထုတ်ခဲ့ရကြောင်း မီးသတ်ဌာနက ဧပြီ ၃ ရက်တွင် ပြောကြားသည်။

ပါတီပရောင်းအမည်ရှိ အမျိုးသမီးသည် ဧပြီ ၂ ရက်က ရေချိုးခန်းအတွင်း လဲကျသွားပြီး ပြန်မထနိုင်တော့သဖြင့် အရေးပေါ်ဌာနသို့ အကြောင်းကြားခဲ့သည်။

အဆိုပါအမျိုးသမီးကို မီးသတ်သမား ၁၀ဦးက ထမ်းစင်ဖြင့် ကယ်ထုတ်ကာ အထူးလူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

*အမ်အင်အေ၊ ရိုက်တာ။*

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

*** ကာကွယ်ရေးဝန်ကြီးဌာနမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဇီဝဒီဇယ်လောင်စာဆီ ထုတ်လုပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၏ စိစစ်ခွင့်ပြုချက် ရရှိအောင် ဆောင်ရွက်ရေး၊ ဇီဝဒီဇယ် လောင်စာဆီကို ဒေသလိုအပ်ချက်နှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည်အထိ ဆောင်ရွက်သွားရေးမှာကြားပြီး ဇီဝဒီဇယ်လောင်စာဆီဖြင့် လယ်ယာသုံးစက်ကိရိယာနှင့် မီးစက်များမောင်းနှင်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ခင်းကျင်းပြသထားသော အခွံချွတ်ပြီး ကြက်ဆူစေ့များ၊ ကြက်ဆူဆီကြမ်းနှင့် သန့်စင်ပြီးသော ကြက်ဆူဆီနှင့် ခြိစည်းရိုးကြက်ဆူစေ့မှ သန့်စင်ပြီးသော ဇီဝဒီဇယ်လောင်စာဆီ ထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုဗေဒဆေးဝါးများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်ဈေးအနီးရှိ အမှတ်(၅) တိုးချဲ့ကမ်းနားလမ်း တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဟုမ်းတောက်ဆောက်လုပ်ရေးအဖွဲ့မှ ဒါရိုက်တာ ဦးအောင်မိုးကျော်က တနင်္သာရီလမ်း(သဲဆိပ်)မှ ညောင်လေးပင်လမ်း(သံလွင်ဈေးအဆုံး)အထိ ပေ ၉၇၀ နှင့် သိပ္ပံလမ်းမှ တနင်္သာရီလမ်းအထိ ပေ ၁၂၀၀ ၌ ကျောက်စီနံရံဆောက်လုပ်ခြင်း၊ မြေသဲဖို့ခြင်း၊ ရေထုတ်ပြွန်တံတားနှင့် R.C Jetty တစ်ခု ဆောက်လုပ်ခြင်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက တင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကမ်းနားလမ်းမှ မော်လမြိုင်မြို့ပတ်လမ်း လုပ်ငန်းအားလုံးကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တာဝန်ယူဆောင်ရွက်နေကြသော အဖွဲ့အစည်းအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်နှင့် လက်ရှိ သံလွင်ဆိပ်ခံတံတားကို စနစ်တကျ ဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ထားပြီးဖြစ်ရာ တံတားကို အရည်အသွေးပြည့်မီစွာ ပြန်လည်တည်ဆောက်သွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကမ်းနားလမ်း တည်ဆောက်နေသည့် သံလွင်မြစ်ဆိပ်ကမ်း အခြေအနေများနှင့် လက်ရှိ သံလွင်ဆိပ်ခံတံတား၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် သံလွင်ဈေးဆိပ်ကမ်းရှိ မော်လမြိုင်ဟိုးဒင်းလီမိတက်၏ ငါးပုစွန်အအေးခန်းစက်ရုံသို့ ဆက်လက်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်ဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် တာဝန်ရှိသူများက အအေးခန်းစက်ရုံအတွင်း ပြည်ပသို့ တင်ပို့ရောင်းချမည့် ငါးများအား ထုပ်ပိုးဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံပြသရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များလိုက်ပါလျက် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံကြီးရှိ ဓာတ်မှန်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဆေးရုံခန်းမ၌ မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

ထိုသို့တွေ့ဆုံရာတွင် မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ဝင်းကျော်နှင့် တာဝန်ရှိသူများက မွန်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာတွင် ကျန်းမာသန်စွမ်း၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များသည် အခြေခံလိုအပ်ချက် ဖြစ်သည်နှင့်အညီ ကျန်းမာရေးကဏ္ဍသည် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာအောင် အဓိက ဆောင်ရွက်ပေးရသည်ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများသည် ပဓာနကျသော အခန်းကဏ္ဍမှ ပါဝင်နေကြကြောင်း။

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားပြည်သူများအား သက်တမ်းစေ့နေနိုင်ရေး၊ ရောဂါဘယ ကင်းရှင်းရေးနှင့် ကျန်းမာရေး အသိပညာ တိုးပွားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သော ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးပစ္စည်းနှင့် ကုသရေးပစ္စည်းများကို အစွမ်းကုန် ဖြည့်ဆည်းပေးထားသကဲ့သို့ မိမိတို့ကလည်း ပြည်သူများအား တာဝန်ကျေရုံမဟုတ်ဘဲ နာငါးနာဖြင့် အစွမ်းကုန် ပြုစုစောင့်ရှောက်ကုသပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် မှာကြားသည်။

## ကတိုက်ရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး၊ အဖွဲ့ဝင်များနှင့်အတူ နံနက် ၁၀ နာရီ မိနစ် ၂၀တွင် မော်လမြိုင်မြို့ပတ်လမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်နှင့် သာယာအေးရပ်ကွက်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော အရှည် ငါးဖာလုံရှိ မြေသားလမ်း ဖောက်လုပ်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တံတားကျော်ဖြတ် အသုံးပြုခ ကောက်ခံရေးစခန်းနှင့် သံလွင်တံတား (မော်လမြိုင်) တံတားတစ်လျှောက်သို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရန်ကုန်–မော်လမြိုင်–မြိတ် ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီးရှိ ကတိုက်ရေလှောင်တမံ စီမံကိန်းသို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စီမံကိန်းရှင်းလင်းဆောင်ရှေ့ရှိ ရှုရပ်ဆောင်မှ ကတိုက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးလှဘော်က ကတိုက်ရေလှောင်တမံ၏ စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရေလှောင်တမံ တည်ဆောက်ခြင်းဖြင့် ဒေသအတွင်း နွေစပါးစိုက်ဧက တိုးတက်လာအောင် ဆောင်ရွက်ရေး၊ ဒေသရှိ ယင်းငြိမ်ချောင်း ရေတံခါးလည်း ဆောင်ရွက်ထားပြီးဖြစ်ရာ စပါးစိုက်ဧက ပိုမိုတိုးတက်လာရန်နှင့် တစ်မိုးနှစ်သီးစိုက်ပျိုးနိုင်ရေးကို ဆက်လက်စည်းရုံးဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကတိုက်ရေလှောင်တမံ ပင်မတမံကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲ၊ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ကတိုက်ရေလှောင်တမံသည် မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအထက် နှစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး ကတိုက်ချောင်းတွင် အလျားပေ ၅၂၀၀၊ အမြင့် ၁၃၄ ပေရှိ မြေသားတမံဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏဧကပေ ၅၆၀၀၀ ရှိမည့် တမံကို အရှည်ပေ ၆၅၀၊ အကျယ်လေးပေ၊ အမြင့်ခြောက်ပေရှိ သံကူကွန်ကရစ်ရေထုတ်ပြွန်နှစ်ပေါက်၊ သံကူကွန်ကရစ် ရေပိုလွှဲများဖြင့် ထည့်သွင်းတည်ဆောက်ထားသည်။ ၎င်းမှ လယ်ယာမြေဧက ၁၀၀၀၀ တို့ကို စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်ပြီး မကြာမီ တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

## အမှာစကားပြောကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် သထုံမြို့ သုဝဏ္ဏခန်းမ၌ သထုံခရိုင် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချားစ်ငြိမ်းမောင်နှင့် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြတို့က သက်ဆိုင်ရာ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်က ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်သိန်းက အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် သထုံခရိုင်သည် ဒေသဆန်ဖူလုံမှုရှိသည့်အပြင် ပိုလျှံမှုရှိကြောင်း သိရှိရသဖြင့် အားရကျေနပ်ဖွယ်ဖြစ်ကြောင်း၊ သို့ရာတွင် စပါးစိုက်ဧက လျာထားချက်ပြည့်မီအောင် တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း။

ထို့အပြင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာ၊ ခြံစည်းရိုးကြက်ဆူ၊ ငရုတ်ကောင်းတို့ကိုပါ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် မိမိတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်း။

တစ်ဆက်တည်းမှာပင် မိမိတို့ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်နေချိန်တွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးဝါဒအဖြစ် အလေးထားခံယူပြီး ပြည်သူများအား ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ကျင့်ကြံနိုင်အောင် စည်းရုံးဆောင်ရွက်ပေးကြရန် လိုကြောင်းဖြင့် မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များနှင့်အတူ သထုံ–ဘားအံ ကားလမ်းမှတစ်ဆင့် သထုံမြို့နယ် ဂေါ့ကျေးရွာ စန္ဒာမိတောင်ခြေရှိ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ကွန်ပျူတာတက္ကသိုလ်(မော်လမြိုင်) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ နေခြည်လဲ့လဲ့သိန်းက ကွန်ပျူတာတက္ကသိုလ် နောက်ခံသမိုင်း၊ တည်နေရာ၊ပေးအပ်သည့် ဘွဲ့နှင့် ဒီပလိုမာ အမျိုးအစားများ၊ လက်ရှိသင်ကြားနေသော ကျောင်းသားဦးရေ၊ ဆရာ ဆရာမ အင်အားနှင့် အောင်ချက်ရာခိုင်နှုန်းတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်နေသော (Collective Triangles Co,. Ltd.) ဒါရိုက်တာ ဦးဝင်းဇော်အောင်က အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိ သုံးထပ်ပင်မဆောင် တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တည်ဆောက်မှုလုပ်ငန်းများကို သတ်မှတ်ချိန်အမီ ပြီးစီးအောင် အပိုင်းအလိုက် လုပ်ငန်းလျာထားမှုများ ရေးဆွဲသတ်မှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် ပြီးစီးအောင် ဆောင်ရွက်ရေး၊ ကျောင်းအဝင်လမ်းမကြီးကို ပေ ၁၀၀ အကျယ် လမ်းမကြီးအဖြစ် စီစဉ်ဖောက်လုပ်ရေးတို့ကို မှာကြားပြီး အဆောက်အအုံပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) တည်ဆောက်ဆဲ ပင်မဆောင်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် သထုံမြို့သို့ ပြန်လည် ထွက်ခွာသွားပြီး သထုံမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် တွေ့ဆုံ

**နေပြည်တော် ဧပြီ ၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေး ကိစ္စရပ်များဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstrom သည် ယမန်နေ့ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**



## တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ အထူးကုအဖွဲ့များ လာရောက်ကုသ

**ရန်ကုန် ဧပြီ ၇**

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာမှ အဘိုး၊ အဘွားများအား ကျန်းမာရေးဆေးစစ်ကုသပေးရန်အတွက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့သည် နှင်းဆီကုန်း ဘိုးဘွားရိပ်သာဆေးရုံသို့ လာရောက်ကုသပေးသည်။

ဧပြီ ၅ ရက်တွင် မျက်စိဆေးရုံနှင့် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ ဆရာဝန်များအဖွဲ့က အဘိုး၊ အဘွား ၃၆ ဦးကိုလည်းကောင်း၊ ယမန်နေ့တွင် ရန်ကုန်အနောက် ပိုင်းဆေးရုံကြီးမှ သမားတော်ကြီး ဒေါက်တာ ဒေါ်ခင်ခင်သက် ဦးဆောင်သောအဖွဲ့က အဘိုး၊ အဘွား ၁၉ ဦးကိုလည်းကောင်း ရောဂါများကို စစ်ဆေးကုသ ပြုစုပေးကြကြောင်း သတင်းရရှိသည်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် အထူးကု ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာဆေးရုံတွင် အဘိုး၊ အဘွားများအား ရောဂါစစ်ဆေး ကုသပေးစဉ်။

(ဘိုးဘွားရိပ်သာ)



# ဘယ်သွားနေလဲ မင်းကိုနိုင်

**ငါးမင်းဆွေ**

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့သည် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ဖြစ်ပါသည်။ ထိုနေ့ညက ကျွန်တော် သမီးကြီးထံ ရောက်နေသည်။ ည ၇နာရီတွင် R.F.A သတင်းကို ဖွင့်နားထောင် လိုက်သည်။ ဝါရင့် နိုင်ငံရေးပုဂ္ဂိုလ်ကြီးများ၊ NLD မှ ပုဂ္ဂိုလ်များ၊ ၈၈ မျိုးဆက်ကျောင်းသားများသည် ပန်းဆိုးတန်းကမ်းနားလမ်းရှိ ရွှေဘဲလေး စားသောက်ဆိုင်တွင် ပြည်ထောင်စုနေ့ ညစာစားပွဲ လုပ်နေကြသည်ဟု R.F.Aက ပြောသွားသည်။ အပြင်မှ ပြန်လာသော သမီးကြီးအား အဖေ ရွှေဘဲလေးစားသောက်ဆိုင်ကို သွားချင်တယ်ဟု ပြောလိုက်ရာ သမီးကြီးက လိုက်ပို့ပေးပါသည်။

ရွှေဘဲလေးဆိုင်မှ ဧည့်ကြိုက ကျွန်တော်တို့အား အပေါ်ထပ်သို့ ခေါ်ဆောင်သွားသည်။ ကျွန်တော်သည် လက်ထဲတွင် ရေဒီယိုငယ်လေးကို ကိုင်ပြီး လိုက်ပါလာသည်။ အပေါ်ထပ်ရောက်တော့ စားပွဲဝိုင်းက မအားပါ။ ထို့ကြောင့် လသာဆောင်တွင် ခေတ္တရပ်နေရသည်။ လသာဆောင်တွင်လည်း ဝိုင်းက ပြည့်ကျပ်နေသည်။ **ထိုလသာဆောင်ဝိုင်းတွင် မြန်မာအမျိုးသား၊ အမျိုးသမီးအရွယ်ပေါင်းစုံနှင့် နိုင်ငံခြားသားများကိုပါ တွေ့လိုက်ရသဖြင့် ထိုဝိုင်းသည် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ပြည်ထောင်စုနေ့ ညစာစားပွဲဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။** ကျွန်တော်သည် ရေဒီယိုငယ်လေးကိုကိုင်ပြီး BBCထုတ်လွှင့်ချက်များကို သူတို့အနီးတွင် နားထောင်နေရာ သူတို့၏မျက်လုံးများက ကျွန်တော့်ထံ ရောက်ရှိလာပါသည်။

**ခဏကြာမှ ထိုလသာဆောင်အဝင်ဝရှိ စားပွဲဝိုင်း အားသွားပြီး ကျွန်တော်တို့ နေရာရခဲ့ပါသည်။ ကျွန်တော်သည် စားသောက်ရင်းဖြင့် သူတို့၏ပြည်ထောင်စုနေ့ ညစာစားပွဲကို အကဲခတ်ကြည့်လိုက်မိသည်။ ထိုပြည်ထောင်စုနေ့ ညစာစားပွဲတွင် နိုင်ငံခြားသား မျက်နှာဖြူများကို တွေ့လိုက်ရသဖြင့် ကျွန်တော် အောင့်သက်သက်ဖြစ်မိသည်။ ယခုလို ပြည်ထောင်စုနေ့ မိတ်ဆုံစားပွဲတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော ပြည်ထောင်စုဖွား ညီအစ်ကို တိုင်းရင်းသားများနှင့် ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် စားသောက်ကြရမည်ဖြစ်သည်။ ယခုတော့ နိုင်ငံခြားသားများနှင့် ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင် စားသောက်နေကြသည်မှာ ပြည်ထောင်စုနေ့၏ အနှစ်သာရကို ပေါ့ပျက်သွားစေသည်ဟု ထင်မိသည်။ လွတ်လပ်ရေးအောင်ပွဲနေ့လို နေ့မျိုးတွင်သာ နိုင်ငံခြားသားများကို ဖိတ်ခေါ်သင့်ပါသည်။ ထိုညစာစားပွဲတွင် နိုင်ငံခြားသားများက မြန်မာဘီယာကို သောက်ကြပြီး မြန်မာအမျိုးသားတို့က ဂျော်နီဝါးကား စကော့ဝီစကီ သောက်နေကြသည်ကို တွေ့လိုက်ရပါသည်။**

ကျွန်တော်သည် မင်းကိုနိုင်၊ ကိုကိုကြီး၊ မင်းဇေယျာ၊ ကိုဂျင်မီ၊ ကိုဌေးကြွယ်စသော(၈၈)မျိုးဆက် ကျောင်းသားဆိုသူများကို မမြင်ဖူးခဲ့ပါ။ ဓာတ်ပုံပင်လျှင် မတွေ့ဖူးခဲ့ပါ။ ယခုပြည်ထောင်စုနေ့ညစာစားပွဲတွင် သူတို့ရှိနေကြသည်။ သူတို့သည် ကျွန်တော်နှင့် လက်တစ်ကမ်းအကွာတွင် ရှိနေကြပါမည်။ ကျွန်တော်သည် သူတို့ထံသွားရောက်၍ ကျွန်တော် ငါးမင်းဆွေပါဟု မိတ်ဆက်ပြီး ပြည်ထောင်စုနေ့ ညစာစားပွဲကို မင်းကိုနိုင်တို့ (၈၈)မျိုးဆက်ကျောင်းသားများနှင့် ချစ်ချစ်ခင်ခင် ပျော်ပျော်ပါးပါး ဆင်နွှဲလိုပါသည်။ သို့သော် မြင်တွေ့နေရသော မြင်ကွင်းတို့က ကျွန်တော့်နှလုံးသားဆန္ဒကို နင်းခြေဖျက်ဆီးလိုက်ပါပြီ။ မှာထားသော အစားအသောက်များကို မြန်မြန်စားသောက်ပြီး သူတို့နှင့်ဝေးရာသို့ ကျွန်တော် ထွက်ခဲ့ပါတော့သည်။

ဖေဖော်ဝါရီလကုန်ပိုင်းတွင် အမေကိုသတိရသဖြင့် သမီးကြီးနှင့် အတူ ကျိုက္ခမီသို့ သွားခဲ့ပါသည်။ ဒီတစ်ခါ ကျိုက္ခမီသို့ သွားရသည်ကို ကျွန်တော် စိတ်လှုပ်ရှားမိသည်။ ဇန်နဝါရီလ ၁၀ ရက်နေ့က သတင်းစာများတွင် ဖော်ပြခဲ့သော "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"ဆောင်းပါးတွင် ကျိုက္ခမီသပိတ်အကြောင်းနှင့် ၁၉၉၀ ကျိုက္ခမီ ရွေးကောက်ပွဲအကြောင်းများကို ရေးထားပါသည်။ ကျိုက္ခမီဆိုတာက ကျွန်တော် မွေးဖွားကြီးပြင်းခဲ့သော မြို့ဖြစ်၍ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းများ ရှိကြသည်။ သူတို့သည် ကျွန်တော်နှင့် ပြောမနာဆိုမနာများ ဖြစ်ကြသည်။ ကျိုက္ခမီNLDများသည် ကျွန်တော်၏ မောင်နှမ၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းများဖြစ်ကြသည်။ ကျိုက္ခမီရောက်လျှင် ငါတော့အပြောခံ၊ အဆော်ခံရတော့မည်ဟု ထင်ထားခဲ့သည်။ ကျွန်တော် အကြောက်ဆုံးက အစ်မငယ် မစောမြင့်ဖြစ်သည်။ သူနှင့်ကျွန်တော်သည် အသက်ခြောက်နှစ်ကွာသည်။ ငယ်ငယ်တုန်းက သူစိတ်မထင်လျှင် ကျွန်တော့်ကို ဆတ်ခနဲဆတ်ခနဲ ခေါင်းခေါက်ခဲ့သူဖြစ်သည်။ အစ်မငယ်သည် စပါးလယ်၊ ရော်ဘာခြံလုပ်ငန်းတို့ဖြင့် ကြီးပွားချမ်းသာနေသူဖြစ်သည်။ ကျွန်တော် ငွေလိုလျှင် သူ့ဆီမှ ချေးရပါသည်။ ကျိုက္ခမီရောက်တော့ အစ်မငယ်နှင့် ယောက်ဖ NLD တို့က ပြုံးရွှင်စွာ ကြိုဆိုခဲ့ကြသည်။ ဒီတော့မှ ကျွန်တော် သက်ပြင်းချနိုင်တော့သည်။

ကျွန်တော် ကျိုက္ခမီတွင်ရှိနေစဉ် ဘကြီးတော်သူ ဦးအောင်ထွန်း ရောက်လာပါသည်။ ဘကြီးဦးအောင်ထွန်းသည် ကျွန်တော့်အဖေ၏ အစ်ကိုဖြစ်ပြီး အသက် ၈၄နှစ်ရှိပါပြီ။ ဘကြီးအောင်ထွန်းသည် လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်ရခဲ့သူဖြစ်သည်။ ကျိုက္ခမီ ဖဆပလ လူငယ်ခေါင်းဆောင် ဖြစ်ခဲ့သည်။ မဆလခေတ်တွင် ကျိုက္ခမီပြည်သူ့ကောင်စီ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ရှစ်လေးလုံးအရေးအခင်း၌ ကျိုက္ခမီသပိတ်တွင် နာယကကြီးလည်း ဖြစ်ခဲ့သည်။ ရှစ်လေးလုံးညက "ပါတီကောင်စီအလို မရှိဆိုသော ပြည်သူလူထု၏ ဆန္ဒကို လေးစားလိုက်နာသောအားဖြင့် ပါတီကောင်စီများ သပိတ်စခန်းမှ ထွက်ပေးကြပါ"ဟုအသံချဲ့စက်ဖြင့် ကျွန်တော်ပြောခဲ့သည်။ ထိုသို့ သပိတ်စခန်းမှ ထွက်ခွာပေးရန် ကျွန်တော် တောင်းဆိုခဲ့သော ပါတီကောင်စီလူကြီးများထဲတွင် ဘကြီးအောင်ထွန်းလည်း ပါဝင်ခဲ့သည်။ ကျိုက္ခမီ ရှစ်လေးလုံးသပိတ်အကြောင်းကို "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးတွင် ကျွန်တော် အကျယ်တဝင့် ရေးခဲ့သည်။ ယခုကျွန်တော့်ထံသို့ ဘကြီးအောင်ထွန်း ရောက်လာပါပြီ။ ဒီလိုရေးရကောင်းလားဟု ကျွန်တော့်ကို ဆူပူကြိမ်းမောင်း အပြစ်တင်တော့မည်ဟု ထင်မိပါသည်။ သို့သော် ကျွန်တော်ထင်သလို မဖြစ်ခဲ့ပါ။ ဘကြီးသည် ကျွန်တော့်ကို ပြုံးပြသည်။ ထို့နောက် "မင်းဆွေ၊ နင်ခုလို သတင်းစာထဲမှာ ရေးလာနိုင်တာ ငါဂုဏ်ယူတယ်၊ ငါဝမ်းသာတယ်"ဟု ပြောပါသည်။ ဘကြီးအောင်ထွန်း၏ စကားကြောင့် ကျွန်တော့် မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ပြည့်လျှံလာပါသည်။ ထိုမျက်ရည်သည် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း နှစ်ခုစလုံးရောယှက်နေသော မျက်ရည်ဖြစ်ပါသည်။

ဘကြီးအောင်ထွန်း ပြန်သွားပြီးနောက် အဖေနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သော ဦးဘန်ထွန်းကျွန်တော့် ထံ ရောက်လာသည်။ ဦးဘန်ထွန်းသည် အသက် ၇၅နှစ် ရှိပါပြီ။ သူက ကျွန်တော့်ကို တွေ့သည်နှင့် လက်ဖျားခါလိုက်သည်။ "မင်းဆွေ၊ နင်က တော်တော်စာရေးနိုင်တယ်နော်၊ သတိလဲထားဦး၊ နင်ဒုက္ခရောက်နေဦးမယ်"ဟု ပြောသည်။ ကျွန်တော်က စာရေးခြင်းကြောင့် ကျွန်တော်အကျိုးရှိမှာ၊ အကျိုးထိခိုက်မှာကို လုံးဝထည့်တွက်မထားကြောင်းအသေးစိတ်ရှင်းပြလိုက်ပါသည်။ ကျွန်တော်သည် ဦးဘန်ထွန်းကို ကျွေးမွေးပြုစုလို၍ အိမ်အနီးရှိ ကိုအောင်စိုး စားသောက်ဆိုင်သို့ ထွက်ခဲ့သည်။ စားသောက်ဆိုင်တွင် ကျိုက္ခမီသားတစ်သိုက် စားသောက်နေကြသည်။ သူတို့သည် တော်တော်လေး အရှိန်ရနေကြသည်။ သူတို့က ကျွန်တော်ကိုနှုတ်ဆက်ကြသည်။ သူတို့ထဲမှ ရော်ဘာခြံသူဌေးလေး မြင့်ခိုင်က "ကိုမင်းဆွေဟာ ကျောင်းကတည်းက 'စပါးတစ်စေ့၊ (၇)နှစ်၊ သဘော်(၇)စင်း' ပုံပြင်နဲ့ကျွန်တော်တို့ကိုပညာပေးခဲ့တယ်။ ယခုသတင်းစာကနေ ကျွန်တော်တို့ကိုပညာတွေပေးနေပြန်ပြီ"ဟုပြောလိုက်သည်။ "ဟော့၊ မြင့်ခိုင်၊ ငါငယ်ငယ်တုန်းက ပြောတာတွေကို မင်းမှတ်မိသေးတာပဲ။ ဒီလိုပြောနိုင်ခဲ့တာက သတင်းစာဆရာကြီးလူထုဦးလှရဲ့ ကျေးဇူးကြောင့်ပါ"ဟု ကျွန်တော်ပြန်ပြောလိုက်ပါသည်။ လေးတန်းကျောင်းသားကျွန်တော်သည် ၁၉၆၉ခုနှစ် ပြည်ထောင်စုနေ့၌ ကျိုက္ခမီမြို့ မူလတန်းကျောင်းပေါင်းစုံ ပုံပြောပြိုင်ပွဲတွင် သတင်းစာထဲ၌ လူထုဦးလှရေးသားခဲ့သော ဆောင်းပါး တစ်ပုဒ်ထဲမှ "စပါးတစ်စေ့၊ (၇)နှစ်၊ သဘော်(၇)စင်း"ဆိုသော ကရင်ရိုးရာပုံပြင်လေးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါသည်။

**ကျိုက္ခမီတွင် သုံးညအိပ်ခဲ့သည်။ "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့" ဆောင်းပါးနှင့်ပတ်သက်၍ မည်သူကမျှ ကျွန်တော့်ကို ပြစ်တင်ကန့်ကွက် ပြောဆိုခြင်းမရှိခဲ့ပါ။ ရန်ကုန်အပြန်တွင် ယောက်ဖ NLD ကြီးလည်း ပါလာသည်။ မော်လမြိုင်သံလွင်တံတားကြီးကို ဖြတ်လိုက်သောအခါ ယောက်ဖ NLDကြီးက "ဒီအစိုးရဟာ လမ်း၊တံတားတွေတော့ တော်တော် လုပ်ပေးတယ်"ဟု ပြောလာသည်။ ယောက်ဖ NLD ကြီးက တပ်မတော် အစိုးရ၏ လုပ်ဆောင်ချက်ကို အသိအမှတ်ပြုလိုက်သဖြင့် ကျွန်တော် ပြုံးစိစိ ဖြစ်သွားသည်။ "ဩော်...ဒါနဲ့ ကိုအေးမြင့်၊ ကျိုက္ခမီမှာ NLD လှုပ်ရှားမှုတွေမရှိတော့ဘူးလား"ဟု ကျွန်တော် မေးလိုက်မိသည်။ "မရှိတော့ ပါဘူးကွာ၊ ကိုရဲချစ်နုတ်ထွက်လိုက်ပြီးကတည်းက ကျိုက္ခမီ NLDဟာ ခေါင်းဆောင်မဲ့သလိုဖြစ်သွားခဲ့တယ်"ဟု ယောက်ဖဖြစ်သူက ပြောပါသည်။** ဦးရဲချစ်မှာ ကျွန်တော်၏ "ဦး"တော်သူဖြစ်သည်။ ဦးရဲချစ်သည် ကျွန်တော်၏ ဘိုးလေး ဗိုလ်အောင်ဘော်၏ သားဖြစ်သည်။ ဗိုလ်အောင်ဘော်သည် ဖက်ဆစ်တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ကျိုက္ခမီနယ် ဖ.ဆ.ပ.လ အမတ်တစ်ဦးဖြစ်ခဲ့သည်။ ဦးရဲချစ်သည် မ.ဆ.လခေတ်တွင် ကျိုက္ခမီပြည်သူ့ကောင်စီ အလုပ်အမှုဆောင်တစ်ဦး ဖြစ်ခဲ့ပြီး န.ဝ.တခေတ်တွင် NLD ပါတီ မြို့နယ်ဒုဥက္ကဋ္ဌ ဖြစ်ခဲ့သည်။

ကျွန်တော်က "ကိုအေးမြင့်ရော NLD မှ နုတ်ထွက်ပြီးပြီလား"ဟု မေးလိုက်ပါသည်။ ကိုအေးမြင့်က "မနုတ်ထွက်သေးဘူး၊ မနုတ်ထွက်လဲ ဘာမှ တို့မလှုပ်ရှားကြတော့ဘူး၊ ဒီတော့ မနုတ်ထွက်လဲ နုတ်ထွက်ထားသလို ဖြစ်နေပါပြီ"ဟု ယောက်ဖ NLD က ပြောပါသည်။

မတ်လဆန်းတွင် သထုံနယ် ဆိပ်ကျွန်းကျေးရွာရှိ ငါးကန်ဖော်သဖြင့် ကျွန်တော် အလုပ်များနေသည်။ မတ်လ ၁၃ရက်နေ့တွင် ကျွန်တော်၏ တူဖြစ်သော ကိုလှဌေးက စာတစ်စောင်ယူလာပြီး "ဦးလေးဆီကို မရမ်းကုန်း ရွာက လူတစ်ယောက် စာပေးလာတယ်။ စာအိတ်ကဖွင့်ထားလို့ ကျွန်တော် ဖတ်ကြည့်လိုက်ပါတယ်။ သတင်းစာထဲပါတဲ့ ဦးလေးရဲ့ဆောင်းပါး အကြောင်းကို ရေးထားတယ်" ဟုပြောပြီး ကျွန်တော့်ကို စာကမ်းပေးပါ သည်။ ကျွန်တော်လည်း ငါးချိန်နေရာမှ ထိုစာကိုယူပြီး ချက်ချင်း ဖတ်လိုက်သည်။ ထိုစာမှာ လွန်ခဲ့သော နှစ်လကရေးထားသော စာဖြစ်နေ သည်။ စာရေးသူသည် ကျွန်တော့်ကို ထိုစာပေးရန် ချီတုံချတုံ မဝံ့မရဲ ဖြစ်နေပုံရသည်။ ထိုစာသည် အိတ်ဖွင့်ပေးစာဖြစ်၍ စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ပါရန် မူရင်းအတိုင်းတင်ပြပါမည်။

**သို့**

**ကိုမင်းဆွေ**

၁၃-၁-၂၀၀၇

၂၃း၀၀ နာရီ

ကျွန်တော် ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။

ကျွန်တော်က သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာကဆိုတော့ ကိုမင်းဆွေ မစိမ်းတဲ့ ဒေသကဆိုရင်လည်း မှားမယ်မထင်ပါဘူး။ ဒါပေမဲ့ လူချင်းတာ မသိကြလို့ပါ။ ကျွန်တော် ဒီနေ့ညနေ ၄နာရီလောက်က မိမိလုပ်ထားတဲ့ လယ်ကနေပြီး အိမ်ကို ခြေကျင်နှင့်ပြန်ခဲ့တယ်။ ညနေ ၆း၃၀ နာရီလောက် အိမ်ပြန်ရောက်တယ်။ အိမ်ရောက်ပြီး ရေချိုး ထမင်းစားပြီး ၉း၃၀နာရီ ဘောလုံးပွဲ တဝက်ကြည့်ဖြစ်တယ်။ အိမ်ပြန်ရောက်တော့ ကွင်းထဲမှာ နေတဲ့ ရက်ကလေးများသွားတာနဲ့ မကြည့်ဖြစ်တဲ့ သတင်းစာကလေး ကောက်ကြည့်လိုက်တော့ ၁၀၊၁၊၂၀၀၇ ရက်နေ့မှာ ပါလာတဲ့ ကိုမင်းဆွေရဲ့ "ငါးမင်းဆွေမှ ဒေါ်စုကြည်သို့"ဆိုတဲ့ ဆောင်းပါးကို ဖတ်ပြီးတော့ ကိုမင်းဆွေဆီကို စာရေးဘို့ ဆန္ဒတွေဖြစ်ပေါ်လာတာနဲ့ အချိန်မတော်ကြီးဘဲ စာရေးမိတာပါ။

ကိုမင်းဆွေဆောင်းပါးတွေ ဖတ်ရတာ ကျွန်တော်အားရ ကျေနပ်တယ်ဗျာ"၇၅မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့" "ငရဲမင်းနှင့်ငရဲဆွေ" (ငရဲမင်းနှင့် ငမင်းဆွေ)ဆိုတဲ့ဆောင်းပါးတွေလည်းဖတ်ရတယ်။ ကိုမင်းဆွေလည်း မြန်မာနိုင်ငံက ပြည်သူတစ်ယောက် ကျွန်တော်လည်း မြန်မာနိုင်ငံက ပြည်သူတစ်ယောက်ပါဘဲ။ (စာနောက်ပိုင်းမှာ ကျွန်တော်မိတ်ဆက်ပါမယ်)ကိုမင်းဆွေရေးတဲ့ ဆောင်းပါးတွေဟာ တကယ့်ဘဝလက်တွေ့ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေကို လီဆယ်(လည်ဆယ်)မှု မပါဘဲ ရေးတယ်ဆိုတာ ကျွန်တော် အကြွင်းမဲ့ယုံကြည်တယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံမှာ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

**ညီလေးမင်းကိုနိုင်...နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုဘယ်ပုံ လုပ်ကိုင်ကြမည်ကို ပြောဆိုဆွေးနွေး တိုင်ပင်ကြရန် လိုပါတယ်။ ပြောရုံတင်မက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ကျရာနေရာမှ လက်တွေ့ အကောင်အထည်ဖော် လုပ်ဆောင်ကြရပါမယ်။ ထိုသို့မပြောမလုပ်ကြဘဲ ဟိုလှုပ်ရှားမှု ဒီလှုပ်ရှားမှု ဟိုရပ်လားဒီရပ်လား ဟေးလားဝါးလား လုပ်နေကြခြင်းဟာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ပြည်သူလူထု၏ဆန္ဒနှင့် ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။**

## မြန်မာဟူသည်

☆ မြန်မာဟူသည်
ပျူငှာယဉ်ကျေး၊ အနေအေး၏။
☆ မြန်မာဟူသည်
ကူညီဖေးမ၊ ရိုင်းပင်းကြ၏။
☆ မြန်မာဟူသည်
အမူအကျင့်သိက္ခာမြင့်၏။
☆ မြန်မာဟူသည်
အယူအဆ၊ သိမ်မွေ့လှ၏။
☆ မြန်မာဟူသည်
ဖြူစင်သီလ၊ စောင့်ထိန်းကြ၏။
☆ မြန်မာဟူသည်
လူရေးလူမှု၊ ကောင်းကျိုးပြု၏။
☆ မြန်မာဟူသည်
နီသည့်ရဲသွေး၊ မွေးသည့်မျိုးမာန်
မြန်သည့်အစွမ်း၊ လွှမ်းသည့်မေတ္တာ
မာသည့်စိတ်ဓာတ်၊ မြတ်သည့်ဂုဏ်ရည်
ကြည်သည့်စကား၊ တည်သည့်အားဝယ်
အမှားမခင်၊ တရားမင်သည့်
ဘုန်းရှင်ပီသ နှလုံးလှ။
ဓာတိပုည ထင်ရှားလှ။

**ရေနံ့သာမောင်ကျော်ညွန့်**



# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဧပြီ ၇

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးက ရန်ကုန်တိုင်း ထန်းတပင်မြို့နယ်ရှိ ရှမ်းစုကျေးရွာ သုတဒီပက စာကြည့်တိုက်သို့ စာအုပ်များနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ ကျေးရွာရှိ မိုးကောင်းရန်အောင် ဘုရား ပရိဝုဏ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြား ရေးရာ ဌာနကြီး ဒုတိယဌာနကြီးမှူးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာ ဌာနကြီး ဌာနကြီးမှူးကိုယ်စား ဒုတိယ ဌာနကြီးမှူး ဒေါ်မြမြက စာအုပ်လှူဒါန်း ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ပြန်ကြားရေးရာဌာနကြီး ဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းနှင့် အဖွဲ့ဝင်များက လှူဒါန်းသော ငွေကျပ် ၃၀၀၀၀နှင့် ငွေကျပ် ၈၆၅၀၀ တန်ဖိုးရှိ စာအုပ်များ၊ ရန်ကုန်တိုင်း အမျိုးသမီး ရေးရာအဖွဲ့ ပြန်ကြားရေးရာဌာနမှ အလှူငွေကျပ် ၃၀၀၀၀၊ မြောက်ပိုင်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၁၀၀၀၀ နှင့် ငွေကျပ် ၄၀၀၀ တန်ဖိုးရှိ သုတစာအုပ်မျိုးစုံ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ငွေကျပ် ၈၀၀၀၀ တန်ဖိုးရှိ သုတရသ စာအုပ်မျိုးစုံ အုပ်ရေ ၄၀၀၊ ထန်းတပင်မြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ငွေ ကျပ် ၅၀၀၀၀၊ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၂၀၀၀၀၊ အစုကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ရှမ်းစုကျေးရွာ ရပ်မိရပ်ဖ များက ငွေကျပ် ၅၀၀၀၀ စီ၊ ရှမ်းစု ကျေးရွာမှ အလှူရှင်တစ်ဦးက ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြင့် ထွန်းနှင့် အတွင်းရေးမှူးတို့က လက်ခံ ရယူသည်။

ယင်းနောက် အစုကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးငွေအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဌာနကြီးမှူးနှင့် အဖွဲ့သည် သုတဒီပက စာကြည့်တိုက် အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် စုစုပေါင်း အလှူငွေကျပ် ၂၅၀၀၀၀နှင့် စာအုပ်မျိုးစုံ ၈၂၃ အုပ် ရရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ထန်းတပင်မြို့နယ်ရှိ ရှမ်းစု ကျေးရွာ သုတဒီပက စာကြည့်တိုက် သို့ စာအုပ်များနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြား ရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည် ဝင်းနှင့် အဖွဲ့ဝင်များ လှူဒါန်းသောငွေ များနှင့် စာအုပ်များကို ပြန်ကြား ရေးရာဌာနကြီးမှ တာဝန်ရှိသူများ က ပေးအပ်လှူဒါန်းကြစဉ်။**
(သတင်းစဉ်)

☆ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ပြည်တွင်း၊ ပြည်ပမှာ အမည်အမျိုးမျိုးတပ်ပြီး သူတို့ကိုယ်သူတို့ အတိုက်အခံအုပ်စုလို့ ခံယူထားတဲ့သူတွေ ယုံပါ့မလား။ ကိုမင်းဆွေကို အစိုးရလူ အစိုးရမီဒီယာလို့ဘဲထင်မလား သို့တည်းမဟုတ် ပြင်ပက ပြည်သူတစ်ယောက်အနေနဲ့ အဖြစ်မှန် အခြေအနေမှန် ရေးတာကို သိရက်နဲ့ မသိဟန်ဘဲဆောင်နေသလားဆိုတာကိုတော့ မသိနိုင်ဘူးနော်။ မသိတဲ့သူဟာ သိသွားရင် အဖြေမှန်ရပြီး လမ်းမှန်ကိုရောက်သွားတယ်။ မသိဟန်ဆောင်တဲ့သူကတော့ အဖြေမှန်သိပေမဲ့လည်း ဟန်ဆောင် နေရအုံးမှာဘဲဆိုတော့ မှန်တဲ့လမ်းကို လျှောက်ဘို့ခက်တယ်။

ကျွန်တော်အချိန်ရရင် BBC, VOA, RFA တို့ကို နားထောင်ဖြစ်ပါ တယ်။ တစ်ခါတစ်လေ နားကလောစရာဘဲ။ နိုင်ငံခြားသားတွေက နယ်ချဲ့စိတ်နဲ့ မဟုတ်တမ်း ယုံထင်ကြောင်ထင်အောင် ပြောတယ်ထား ကျွန်တော်တို့ နိုင်ငံသားတွေကပါ ထမင်းတဝမ်းအတွက်နဲ့ နိုင်ငံတော်ကို သစ္စာဖောက် ပြည်သူလူထုတွေ ဆင်းရဲတွင်းနက်အောင်၊ ဒုက္ခမရောက် ရောက်အောင် ပြောဆိုလုပ်ကိုင်နေကြတာ ရင်နာမိပါတယ်။ သူတို့ကို နယ်ချဲ့တွေက ပေးကမ်းထောက်ပံ့ရင်လည်း သူတို့မိသားစု ဆွေမျိုးတွေ အတွက်သာ ပြေလည်မှာပေါ့။ တစ်ဖက်ကတော့ နိုင်ငံတော်ကြီး ဖရိုဖရဲ ဖြစ်မှာ ပြည်သူတွေ ဒုက္ခရောက်မှာကိုတော့ လုံးဝမစဉ်းစားကြဘူး။ ဒီလိုလူမျိုးတွေလား နိုင်ငံတော်ကိုချစ်ပါတယ်၊ ပြည်သူတွေ သနားပါတယ် ဆိုတဲ့ အော်သံတွေ၊ အဲဒီလူမျိုးတွေထဲမှာများ၊ ကျွန်တော့်ထက်၊ အသက် အရွယ်အားဖြင့်ငင်း၊ ပညာအရည်အချင်းအားဖြင့်ငင်း၊ အတွေ့အကြုံ အားဖြင့်ငင်း၊ စီးပွားရေးအားဖြင့်ငင်း၊ သာကြတဲ့ သူတွေကြီးပါဘဲ။ ဘာကြောင့် မိုက်တွင်းနက်နေကြသလဲ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထမိန်(ထမီ)နား ခိုစားနေကြတဲ့သူတွေဆိုလည်း မမှားဘူး။ ကျွန်တော် ကတော့ ဒီလူတွေကို ကြာလေရွံလေဘဲ။ ကျွန်တော်တို့လည်း အမှားနှင့် အမှန် အကောင်းနှင့်အဆိုးကို ဝေဖန်ပိုင်းခြားတတ်ပါတယ်။ တစ်ခါ တစ်လေ ပြည်ပအသံလွှင့်ဌာနတွေကဘဲ ပြည်သူတွေကို ခုတုံးလုပ်တာ ရှိသေး။ ကျွန်တော့်အထင်တော့ ဒီလူတွေဟာ သူများပေးစာ ကမ်းစာနဲ့ အသက်ရှင်နေရတော့ လမ်းမှန်ကို သိရက်နဲ့လည်း မလျှောက်ရဲကြတော့ ဘူးထင်ပါတယ်။ ကျွန်တော်တို့တွေကတော့ နယ်မြေအေးချမ်းပြီး ကိုယ့်ရဲ့ မိရိုးဖလာလယ်မြေကိုဘဲ စိတ်ချလက်ချ လုပ်ကိုင်နေရရင် ကျေနပ်နေသူ တွေပါ။

တလောက BBC, VOA က အသံတစ်သံ ကြားလိုက်ရသေး တယ်။ ၈၈မျိုးဆက်သစ် ကျောင်းသားကိုဂျင်မီဆိုလား "ပြည်သူတွေရဲ့ ခံစားချက်တွေကို ရေးပို့ပေးပါ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ရောက်အောင် ပို့မယ်တဲ့" ကျွန်တော်ရေးချင်တာက ဗိုလ်ချုပ်မှူးကြီးဆီမဟုတ်ပါဘူး။ ပြည်တွင်းပြည်ပက ပွစိပွစိလုပ်နေတဲ့ သူတွေဆီကိုဘဲ ပြည်သူတွေ ချမ်းသာတာကို အေးချမ်းတာကို မြင်တွေ့ချင်ရင် ငြိမ်ငြိမ်ကလေး နေပေးကြပါလို့။

စာလည်းရှည်သွားပြီ နောက်များမှာဘဲ ဆက်ရေးတော့မယ်။

ကိုမင်းဆွေရဲ့ပရိသတ်
**ဦးမျိုးမြင့်**
**မရမ်းကုန်းကျေးရွာ**

**အထက်ပါစာသည် လယ်သမားတစ်ဦး၏ အတွေး၊ အမြင်၊ လယ်သမားတစ်ဦး၏ ခံစားချက်ဖြစ်ပါသည်။ စာနောက်ဆုံးပိုဒ်တွင် မင်းကိုနိုင်တို့ ၈၈မျိုးဆက်ကျောင်းသားအဖွဲ့၏ ပေးစာလှုပ်ရှားမှု ကို ဆန့်ကျင်ဝေဖန်ထားသည်ကို တွေ့ရသည်။ မင်းကိုနိုင်တို့အဖွဲ့၏ အဖြူရောင်ဝတ်ဆင်လှုပ်ရှားမှု၊ ပေးစာလှုပ်ရှားမှု တို့သည် အောင်မြင်မှု မရှိကြောင်းကို သူတို့ကိုယ်တိုင် သိရှိကြပါသည်။ ယနေ့မြန်မာလူထု လိုလားသည်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက် ရေးဖြစ်သည်။ ပြည်သူလူထု၏ လိုလားချက်ကို မင်းကိုနိုင်တို့ (၈၈) မျိုးဆက်ကျောင်းသားဆိုသူများသည် တတ်နိုင်သည့်ဘက်မှ တစ်တပ် တစ်အား ဖော်ဆောင်လုပ်ကိုင်သင့်ပါသည်။**

ညီလေး မင်းကိုနိုင် ...**နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လို ဘယ်ပုံ လုပ်ကိုင်ကြမည်ကို ပြောဆို ဆွေးနွေးတိုင်ပင်ကြရန် လိုပါ တယ်။ ပြောရုံတင်မက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ကျရာနေရာမှ လက်တွေ့အကောင်အထည်ဖော် လုပ်ဆောင်ကြရပါမယ်။ ထိုသို့မပြော မလုပ်ကြဘဲ ဟိုလှုပ်ရှားမှု၊ ဒီလှုပ်ရှားမှု ဟိုရပ်လား၊ ဒီရပ်လား ဟေးလား ဝါးလား လုပ်နေကြခြင်းဟာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ပြည်သူလူထု၏ ဆန္ဒနှင့်ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။**

ညီလေး မင်းကိုနိုင် ... ညီလေးတို့ရဲ့အဖွဲ့ကို ကြည့်ရတာ BBC, VOA, RFA, DVB စတဲ့ အသံလွှင့်ဌာနများရဲ့ လေလှိုင်းများမှာ ကိုယ့်အသံလေးပါလာတာကို သာယာကျေနပ်နေပုံရတယ်။ ဒီလို သာယာ ကျေနပ်နေကြတယ်ဆိုလျှင် မင်းကိုနိုင်တို့ (၈၈)မျိုးဆက်ကျောင်းသား အဖွဲ့ဆိုတာ အသံသာရှိပြီး အဆန်မရှိတဲ့ သကြီးန်အမြောက်ကြီးဖြစ် သွားပါလိမ့်မယ်။

ညီလေး မင်းကိုနိုင် ... ယနေ့အချိန်အခါဟာ နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်ပြီး အကောင် အထည်ဖော် နေချိန်ဖြစ်တယ်။ **အရည်အချင်းပြည့်ဝတဲ့၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့၊ ရိုးသားကြိုးစားတဲ့ လူတော်လူကောင်းတွေကသာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်လာအောင် စွမ်းဆောင်နိုင်ကြပါလိမ့်မယ်။ ကိုယ်အခွင့် အရေးရဖို့၊ ကိုယ်ကောင်းစားဖို့ ဖော်လန်ဖားလုပ်ကိုင်တဲ့ "စားဖား"တွေ၊ အရည်အချင်းမရှိတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ လူညံ့လူဆိုးတွေက နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမို ကရေစီ နိုင်ငံတော်ကြီးဖြစ်လာအောင် စွမ်းဆောင်နိုင်ကြမှာ မဟုတ်ပါ ဘူး။ စွမ်းလည်းစွမ်းဆောင်ကြမှာမဟုတ်ပါဘူး။**

ညီလေး မင်းကိုနိုင် ... ညီလေးဟာ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူ တစ်ယောက် ဖြစ်တယ်၊ လူမှန်တစ်ယောက်ဖြစ်တယ်။ အရည်အချင်း ပြည့်ဝအောင်ဆိုရင်တော့ မည်သူမဆို စဉ်ဆက်မပြတ် လေ့လာသင်ယူ ကြိုးစားနေရမှာ ဖြစ်တယ်။ ညီလေးလို ကိုယ်ကျိုးစွန့်အနစ်နာခံသူတွေ၊ ရိုးသားမှန်ကန်တဲ့သူတွေ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမို ကရေစီ နိုင်ငံတော်သစ်ထူထောင်ရေး လုပ်ငန်းစဉ်တွေမှာ တက်ကြွစွာ ပါဝင်လုပ်ကိုင်တာကို အစ်ကိုတို့ မြန်မာပြည်သူလူထုက တွေ့မြင် လိုကြပါတယ်။ **နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းစဉ်တွေမှာ စားဖားများ၊ လူဆိုး လူညစ်များ အုတ်အရောရော၊ ကျောက်အရောရောပါလာမှာကိုတော့ အစ်ကိုတို့ မြန်မာလူထုက စိုးရိမ်နေကြပါတယ်။**

ညီလေး မင်းကိုနိုင် ... အစ်ကိုတို့ငယ်ငယ်တုန်းက **"ဘယ်သွားနေလဲ မောင်ရေခဲ"**လို့ အော်ဆိုခဲ့ကြတယ်။ ယခု မြန်မာပြည်သူလူထုတစ်ရပ် လုံး **"ဘယ်သွားနေလဲ မင်းကိုနိုင်"**လို့ မေးနေကြပါပြီ။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈–၄–၂၀၀၇ (တနင်္ဂနွေနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် | ၁၀း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇း၀၅ | မန္တမ်းသောပန်း၊ မခန်းသော စမ်းတရားတော်(ဒုတိယပိုင်း) အရှင်ဂုဏိန္ဒ(ဆင်ဖြူတောင်) ဆရာတော် | ၁၀း၃၅ | ချောင်းသာကမ်းခြေအလှနှင့် သဲပန်းပုအနုပညာ |
| ၈း၀၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)] | ၁၀း၅၀ | ခါသကြိုန်အဆိုအက |
| ၈း၅၀ | ခါသကြိုန်အဆိုအက | ၁၀း၅၅ | ခေတ်မီဖွံ့ဖြိုးတိုးတက်လာ သောဆေးဝါးများ |
| ၈း၅၅ | ကြည်ညိုဖူးမြော် ရှင်ပင် စက္ကိန်းတဲစေတီတော် | ၁၁း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၀၅ | ပြည်တွင်းသတင်းအကျဉ်း | ၁၁း၃၅ | "အင်း"ငွေပန်းထိမ်ရဲ့ အငွေ့ အသက် |
| ၉း၁၅ | ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မ မွေးမြူရေး) | ၁၁း၅၅ | ခါသကြိုန်အဆိုအက |
| ၉း၃၀ | ခါသကြိုန်အဆိုအက | ၁၂း၀၀ | ကျန်းမာပေ့ါပါး ရေကူး အားကစား |
| ၉း၃၅ | နိုင်ငံတကာအနုပညာရေးရာ | ၁၂း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ | မိုးလေဝသခန့်မှန်းချက် | ၁၂း၂၅ | ခါသကြိုန်အဆိုအက |
| ၁၀း၀၅ | ခါသကြိုန်အဆိုအက | ၁၂း၃၀ | အန္တရာယ်ကင်းသော မိခင်ဘဝ |
| ၁၀း၁၀ | လုပဝင့်ထည် မြန်မာ့ကြိမ်ထည် | ၁၂း၄၅ | ခါသကြိုန်အဆိုအက |
| | | ၁၂း၅၀ | အတာသတ်ပွဲ(ထားဝယ်ရိုးရာ အက) |
| | | ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်များ ခင်းကျင်းပြသထားသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကျန်းမာရေး ပညာပေးစာစောင်၊ စာအုပ်များနှင့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

**▲ ရှေ့ဖုံးမှ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး စတင်ဖွဲ့စည်းခဲ့သည့် ဧပြီ ၇ ရက်ကို ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ် သတ်မှတ်ပြီး နှစ်စဉ်အထိမ်းအမှတ် လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ကမ္ဘာပေါ်၌ ဖြစ်ပွားနေသည့်ရောဂါများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြဿနာများကိုဖော်ထုတ်ပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးက သတိပြုသိရှိလာကြစေရန်နှင့် တညီတညွတ်တည်း ဦးစားပေးဆောင်ရွက်နိုင်စေရန်အတွက် နှစ်စဉ်ဆောင်ပုဒ်များ သတ်မှတ်လှုံ့ဆော်ပေးခဲ့ကြောင်း၊ ယခုနှစ်တွင် ကျန်းမာရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံလာရေးကို ဦးတည်သည့် Invest in health, build a safer future **"အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့"**ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်ထားကြောင်းကို သိရကြောင်း၊ ကျန်းမာရေးပြဿနာများ၊ ရောဂါများကို ဖြေရှင်းဆောင်ရွက်ကြရာတွင် ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး အမျိုးသားရေးစွမ်းအားစုများကို အစွမ်းကုန် အသုံးချကြိုးပမ်းဆောင်ရွက်သွားကြရန် နှိုးဆော်ထားခြင်းဖြစ်သည်ဟု နားလည်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝပေးနိုင်စေရန် အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့်အညီ နှစ်(၃၀) အမျိုးသားကျန်းမာရေး နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားကျန်းမာရေးစီမံကိန်းအရ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန်၊ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြှင့်တင်ပေးနိုင်ရန်၊ ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရန်၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးဆိုင်ရာနည်းပညာများ၊ ခေတ်မီပစ္စည်းကိရိယာများ တိုးတက်ဖြစ်ထွန်းရေး စသည့်ကဏ္ဍများတွင် ဟန်ချက်ညီညီ ဖြန့်ကြက်ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြရန်အတွက် အဆင့်မြင့် ဆေးရုံသစ်ကြီးများ၊ အထွေထွေရောဂါကု၊ အထူးကုနှင့် သင်ကြားရေးဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးနေသကဲ့သို့ ရှိပြီး ဆေးရုံများကိုလည်း အဆင့်မြှင့်တင် တိုးချဲ့ပေးလျက်ရှိကြောင်း၊ ထိုနည်းတူ နယ်စပ်အစွန်အဖျားဒေသများနှင့် ကျေးလက်များရောက်သည်အထိ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ယခုဆိုလျှင် ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် အချက်အချာကျသည့် မြို့ကြီး ၂၄ မြို့ကို အခြေပြုထားသည့် ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် ခုတင်(၂၀၀)ဆံ့ဆေးရုံ အနည်းဆုံး တစ်ရုံစီရှိနေပြီဖြစ်ကြောင်း၊ မြို့အဆင့်တွင် အနည်းဆုံး (၁၆)ခုတင်ဆံ့ဆေးရုံရှိပြီးအများစုသည် (၂၅)ခုတင်ဆံ့ ဆေးရုံ အဆင့်မြှင့်တင်ပေးပြီးဖြစ်ကြောင်း။

ခရိုင်အဆင့် ဆေးရုံကြီးများတွင် အထူးကုဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ပညာရှင်များ ဖြည့်တင်းပေးထားသကဲ့သို့ နိုင်ငံတကာအဆင့်မီ ရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ စုံစုံလင်လင်ရှိစေရအောင် စီမံပေးထားပြီးဖြစ်ကြောင်း။

ဆေးပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရေးအတွက် ဆေးတက္ကသိုလ်များအပါအဝင် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ တိုးမြှင့်ဖွင့်လှစ်ပြီး ကျောင်းသူ၊ ကျောင်းသားများ တိုးချဲ့လက်ခံ သင်ကြားပေးလျက်ရှိကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင် အာရှဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၀၇ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။ (သတင်းစဉ်)




ယခုအခါတွင် ဆေးတက္ကသိုလ်လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် နှစ်ခု၊ သူနာပြုတက္ကသိုလ် နှစ်ခု၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် နှစ်ခု၊ ဆေးဝါးတက္ကသိုလ် နှစ်ခု၊ အခြေခံကျန်းမာရေးတက္ကသိုလ် တစ်ခုတို့အပြင် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုကိုပါ ထူထောင်ထားပြီးဖြစ်ကြောင်း၊ ထို့အပြင် တပ်မတော်ဆေးတက္ကသိုလ်တစ်ခုနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်တစ်ခုကိုလည်း ထူထောင်ပေးထားပြီးဖြစ်ကြောင်း။

ဆေးပညာနှီးနှောဖလှယ်ပွဲများ အချိန်မှန်မှန်ကျင်းပပြီး ဆေးပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆေးသိပ္ပံပညာ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်မြင့်သင်ကြားရေး၊ အထောက်အကူပြုပစ္စည်းများ ဖြည့်တင်းပေးရေးအတွက်လည်း လေးနှစ်အထူးစီမံကိန်းတစ်ရပ် ချမှတ်ပြီး ရည်မှန်းချက်ရှိရှိ မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပြည်သူများ ကျန်းမာရေးအသိပညာမြင့်မားရေး၊ ကျန်းမာရေးနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင်နိုင်ရေးအတွက် ကျေးလက်ဒေသများတွင် လွှမ်းခြုံအကောင်အထည်ဖော်ပေးနေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ဆောင်ရွက်နေသည့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအပါအဝင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းများသည် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူများစွာဖြစ်စေသကဲ့သို့ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးအဆင့်အတန်းကိုလည်း မြှင့်တင်ပေးနိုင်လျက်ရှိကြောင်း။

အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဝန်ကြီးဌာန အသီးသီး၏ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများသည် ရောဂါဆိုးကြီးများ ကာကွယ်တိုက်ဖျက်ရေး၊ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေး၊ ကျန်းမာရေးအသိပညာရရှိရေးနှင့် ကျန်းမာရေးနှင့် လျော်ညီစွာ နေထိုင်နိုင်ရေး ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် များစွာ အထောက်အကူဖြစ်စေလျက်ရှိကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါ၊ ငှက်ဖျားရောဂါများကဲ့သို့ ယခင်အချိန်က ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ဒုက္ခပေးခဲ့သည့် ကူးစက်ရောဂါများ ပြန်လည်ခေါင်းထောင်ဖြစ်ပွားနေသကဲ့သို့ အေအိုင်ဒီအက်စ်ရောဂါ၊ SARS ရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါများကဲ့သို့ ရောဂါသစ်များသည်လည်း ကျန်းမာရေးအန္တရာယ်များအဖြစ် ကမ္ဘာပေါ်ရှိ လူသားထုတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိကြောင်း။

ထို့ပြင် ငလျင်ဘေး၊ ဆူနာမီလှိုင်းလုံးကြီးများ၏အန္တရာယ်၊ မီးတောင်ပေါက်ကွဲမှု၊ ရေလွှမ်းမိုးမှု စသည့် သဘာဝဘေးအန္တရာယ်များ၊ အကြမ်းဖက်မှု၊ စစ်မက်ဖြစ်ပွားမှု စသည့် လူတို့၏ပယောဂကြောင့် ဖြစ်ပွားရသည့် ဘေးအန္တရာယ်များသည်လည်း ကမ္ဘာပေါ်တွင် မကြာခဏကြုံတွေ့နေရပြီး လူသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီးစေလျက်ရှိကြောင်း။

၎င်းအခြင်းအရာများသည် လူသားများ၏ ကျန်းမာရေးအဆင့်အတန်းများ၊ မျှော်မှန်းသက်တမ်းများကို လျော့ကျစေလျက်ရှိကြောင်း၊ ထို့ကြောင့် ကျန်းမာရေးအဆင့်အတန်းများ တိုးမြင့်လာစေရန်နှင့် လူများ၏ မျှော်မှန်းသက်တမ်းများ ရှည်လာစေရန်အတွက် ကျန်းမာရေးကဏ္ဍတစ်ခုတည်း ဆောင်ရွက်၍မရနိုင်သည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့အပြင် သိပ္ပံနှင့်နည်းပညာရပ်များ၏ ဖွံ့ဖြိုးတိုးတက်လာမှုသည် ကမ္ဘာ၏ ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းဆက်သွယ် သွားလာမှုများကို အလွန်လျင်မြန်လာစေလျက်ရှိသည့်အတွက် ကမ္ဘာပေါ်၌ နေရာဒေသတစ်ခုခုတွင် စတင်သည့် ကျန်းမာရေးပြဿနာတစ်ခုသည် အခြားနေရာဒေသများကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် ရောက်ရှိဖြစ်ပွားလာနိုင်သည့် အခြေအနေမျိုးရှိနေပြီဖြစ်ကြောင်း၊ SARS ရောဂါသည် ဟောင်ကောင်တွင် စတင်ခဲ့ရာမှ တစ်ဆင့် စင်ကာပူ၊ ထိုင်း၊ အမေရိကန်၊ ကနေဒါနိုင်ငံများအထိ ပျံ့နှံ့သွားသည်ကို တွေ့ရကြောင်း၊ လောလောဆယ်ဖြစ်ပွားနေသည့် ကြက်ငှက်တုပ်ကွေးရောဂါသည် ကမ္ဘာ့နိုင်ငံပေါင်း ၅၀ ကျော်ကို ပျံ့နှံ့ဖြစ်ပွားလာသည်ကို တွေ့ရှိကြောင်း၊ ကြက်ငှက်များအပြင် လူကိုပါ ရောဂါကူးစက်ခံရခြင်းမှာ (၁၂)နိုင်ငံခန့်ရှိနေပြီဟု သိရကြောင်း၊ SARS ရောဂါသည် လျင်မြန်စွာ ပျံ့နှံ့ခဲ့သော်လည်း ဆက်လက်မကူးစက်အောင် နိုင်ငံအများ ပူးပေါင်းပြီး ဟန့်တားထိန်းချုပ်နိုင်ခဲ့သကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါကိုလည်း နိုင်ငံတကာပူး ပေါင်းဆောင်ရွက်မှုများဖြင့် ချုပ်ထိန်းထားရန် လိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် SARS ရောဂါ နိုင်ငံအတွင်းကူးစက်မလာအောင် ကာကွယ်နိုင်ခဲ့သကဲ့သို့ ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားမလာစေရအောင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

HIV/AIDSရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါများကို နိုင်ငံတော်အတွင်း အဓိကဦးစားပေး တိုက်ဖျက်ရမည့်ရောဂါများအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုရေး အဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် လက်တွဲပူးပေါင်းပြီး တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်နေကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို ဒုက္ခပေးနေသည့် ယခုရောဂါဆိုးကြီးသုံးရပ် ကာကွယ်ကုသရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော်လည်း နိုင်ငံတကာကပေးလာသည့် လူသားချင်း စာနာထောက်ထားမှုအကူအညီများကို နိုင်ငံရေးပယောဂစွက်ဖက်ပြီး ဟန့်တားနှောင့်ယှက်မှုများဖြင့် ကြုံတွေ့နေရကြောင်း၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများပေးအပ်လာသည့်ကမ္ဘာ့နိုင်ငံများကိုလည်း ပြည်ပတွင် ရောက်ရှိနေသည့် အဖျက်အမှောင့်သမားများက ဟန့်တားထိန်းချုပ်ရန်အတွက် စည်းကမ်းများချမှတ်ပေးရန် ကြိုးစားလုပ်ဆောင်နေသည်ကို တွေ့ရကြောင်း။

အထူးသဖြင့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးနေသူအချို့သည် ပြည်သူလူထုကို အန္တရာယ်ပြုနေသည့် ယခုရောဂါဆိုးကြီးများကို ဗန်းပြပြီး နိုင်ငံရေးအမြတ်ထုတ် လုပ်ဆောင်နေခြင်း၊ ဤရောဂါဆိုးကြီးများနှင့် ပတ်သက်၍ ပြည်ပမီဒီယာများနှင့် ပေါင်းပြီး လုပ်ကြံချဲ့ကားထားသည့် သတင်းဆိုးများ ဖြန့်ချိနေခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိပြည်သူများကို အန္တရာယ်ပေးသည့် ရောဂါဆိုးကြီးများ မြန်မာ့မြေပေါ်က ပျောက်ကွယ်သွားသည်အထိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များနှင့် ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

AIDS ရောဂါသည် နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကိုသာမက ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်စေနိုင်သည့်အတွက် လူငယ်များအတွင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာများနှင့် အန္တရာယ်ကင်းအောင် မည်သို့ ပြုမူနေထိုင်ရမည်ဆိုသည်များကို လေ့ကျင့်သင်ကြားပေးခြင်းကို နိုင်ငံအတွက် အလွန်အရေးကြီးပြီး တန်ဖိုးရှိလှသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် နိုင်ငံတော်အစိုးရက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ ပြည်တွင်းပြည်ပလူမှုရေး အသင်းအဖွဲ့များအနေဖြင့် ပြည်သူအများ၏ အသိတရားရှိရှိ ပူးပေါင်းဆောင်ရွက်မှုကို ရယူပြီး လုပ်ငန်းခွင်များ၊ ကျောင်းများ၊ လူ့အသိုင်းအဝိုင်းများတွင် ကျန်းမာရေးကို အထောက်အကူဖြစ်စေသည့် ရေကောင်းရေသန့် ရရှိရေး၊ သန့်ရှင်းသည့် ပတ်ဝန်းကျင်ဖြစ်ရန် ဖန်တီးဖြည့်ဆည်း ဆောင်ရွက်ခြင်းများ၊ ပြည်သူများကို ကျန်းမာရေးနှင့် ညီညွတ်သည့် အနေအထိုင်များ ကျင့်ကြံနေထိုင်လာအောင် ဆောင်ရွက်ပေးခြင်းများ၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် အစားအသောက်များအစား ကျန်းမာရေးကိုအထောက်အကူဖြစ်သည့် အစားအစာများကို လွယ်လွယ်ကူကူ သက်သက်သာသာဖြင့်ရရှိအောင် ဝိုင်းဝန်းဆောင်ရွက်ကြခြင်း စသည့်ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်သူလူထုများကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပဏာမကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အခြေခံ ဆောင်ရွက်သည့်အတွက်

အခါက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ရောဂါဘယများမှ ကင်းဝေးပြီး ပြည်သူလူထု၏ ကျန်းမာရေး အဆင့်အတန်း မြင့်မားနေရေး၊ ရောဂါတားဆီးကာကွယ်ရေး၊ ရောဂါကုသရေးနှင့် ပြန်လည်ပျိုးထောင်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးများ မြင့်မားတိုးတက်နေစေရန် အစဉ်ကြံစည် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့နည်းတူ ကျန်းမာရေးဝန်ထမ်းများကို တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများ၊ နီးနွှယ်နေသည့် အစိုးရဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ပါဝင်ဆောင်ရွက်နိုင်သည့် အသိပညာများနှင့် ကျွမ်းကျင်မှုများရှိလာရန်ကိုလည်း လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း။

နည်းပညာပိုင်းဆိုင်ရာ အရသော်လည်းကောင်း၊ အရင်းအမြစ်များ လိုအပ်မှုအရသော်လည်းကောင်း နေရာဒေသအလိုက် ကူညီပံ့ပိုးမှုများ အဆင့်ဆင့် အားဖြည့်ကူညီဖြေရှင်းပေးနိုင်ရန်အတွက် နိုင်ငံတွင်းအစီအစဉ်များသာမက သက်ဆိုင်ရာဒေသတွင်းနှင့် နိုင်ငံတကာ၏ပံ့ပိုးကူညီမှုများ လျင်မြန်လွယ်ကူစွာရရှိအောင် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအန္တရာယ်များကို ထိန်းချုပ်နိုင်ရန်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများသာမက ဖွံ့ဖြိုးဆဲနိုင်ငံများပါ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းနှိုးဆော်ထားကြောင်း၊ အဓိကအားဖြင့် ကျန်းမာရေးသတင်းအချက်အလက်များ ဖလှယ်ခြင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ခြင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းလည်း ဖော်ပြထားကြောင်း၊ အာရှနိုင်ငံများအတွင်းနှင့် နိုင်ငံတကာအဆင့်တွင် ကပ်ရောဂါများကို သတိရှိရှိ စနစ်တကျ တုံ့ပြန်နိုင်စွမ်းများဖြစ်ထွန်းလာစေရန်အတွက် ကျန်းမာရေးစနစ်များ တည်ဆောက်ရန်နှင့် ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းများကို ဆက်လက်ပြုလုပ်သွားရန်လိုအပ်ကြောင်းကိုလည်း နှိုးဆော်ထားကြောင်း။

ယခုကဲ့သို့ လုပ်ငန်းများကြီးကျယ်လာသည်နှင့်အမျှ တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရနိုင်သဖြင့် ဘက်စုံထောင့်စုံက ဆောင်ရွက်နိုင်စေရန် အရည်အသွေးပြည့်သည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကို အခြေခံထားပြီး ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်း၍သာမက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းများကအစ နိုင်ငံတကာစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အာဆီယံမိသားစုဝင်များ၊ အိမ်နီးချင်းနိုင်ငံများနှင့်အတူ ကျန်းမာရေးကို အခြေပြုလျက် အနာဂတ်ဘဝလုံခြုံစေရန် ယခင်အစဉ်အလာများအတိုင်း တက်တက်ကြွကြွ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ အနာဂတ်ဘဝလုံခြုံရေးအတွက် နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ လက်တွဲပူးပေါင်းပြီး ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နေသည့်နည်းတူ နိုင်ငံသားတိုင်းကလည်း မိမိတို့ တစ်ဦးချင်းဘဝလုံခြုံရေးနှင့် နိုင်ငံသားအားလုံးကို ကျန်းမာရေးအန္တရာယ်များက ကာကွယ်နိုင်ရေးတို့အတွက် တစ်ပိုင်တစ်နိုင်သော်လည်းကောင်း၊ စုပေါင်းပါဝင်၍သော်လည်းကောင်း ဆောင်ရွက်ရင်း ကမ္ဘာ့လူသားတစ်ရပ်လုံး၏ ကျန်းမာရေး၊ အနာဂတ်ဘဝ လုံခြုံမှုရှိစေရေးအတွက် ကမ္ဘာ့မိသားစုကြီးနှင့် တစုတစည်းတည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၀၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ကျန်းမာရေးပညာပေးစာစောင်၊ စာအုပ်များနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"အနာဂတ်ဘဝလုံခြုံဖို့ ကျန်းမာရေးအတွက် ရင်းနှီးစို့"** (Invest in health, build a safer future) ဖြစ်သည်။ (သတင်းစဉ်)






**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ၏ (၁၀/၂၀၀၇) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၇

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၁၀/၂၀၀၇)အစည်းအဝေးကို ဧပြီ ၆ ရက် ညနေ ၄နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ကော်မတီဝင်များ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်ဥက္ကဋ္ဌများနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ နေပြည်တော်တွင် ပြေးဆွဲနေသော ယာဉ်လိုင်းအသီးသီးတို့မှ တာဝန်ခံများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌက ယခင်အစည်းအဝေး မှတ်တမ်းကို ဖတ်ကြားတင်ပြ၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆပ်ကော်မတီများ၊ မြို့နယ်ဥက္ကဋ္ဌများ၊ ယာဉ်လိုင်း တာဝန်ခံများနှင့် တက်ရောက်လာသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယာဉ်စီးခ သတ်မှတ်နှုန်းများအတိုင်း ကောက်ခံရေး၊ ယာဉ်လိုင်းအသီးသီးပါ ယာဉ်စီးခတောင်းခံမှုနှင့် မော်တော်ယာဉ်ပြေးဆွဲမှု၊ ဝန်ဆောင်မှုနှင့် ယာဉ်ရပ်နားမှုစည်းကမ်း အခြေအနေများကို အောက်ခြေအထိ ကွင်းဆင်း၍ လေ့လာစိစစ်ရေးကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြေနီကုန်းဓမ္မာရုံ အထူးတရားပွဲ

ရန်ကုန် ဧပြီ ၇

မြေနီကုန်းဓမ္မာရုံ အထူးတရားပွဲကို ဧပြီ ၉ရက်နှင့် ၁၀ရက်၌ ကျင်းပမည်ဖြစ်ရာ အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်)က တရားတော်များ ဟောကြားမည်ဖြစ်သဖြင့် မည်သူမဆိုလာရောက် တရားတော် နာယူနိုင်ပါကြောင်း သိရသည်။ (၀၄)

## သစ္စာဓိဋ္ဌာန်အောင်တော်မူစေတီ ထီးတော်တင်လှူမည်

ပွင့်ဖြူ ဧပြီ ၅

မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ရွှေလှေကျေးရွာ ကန်ဦးကျောင်းတိုက်အတွင်း သစ္စာဓိဋ္ဌာန်အောင်တော်မူ(ထီးလပ်) စေတီတော်မြတ်ကြီး ရွှေထီးတော်ကြီးတစ်ဆူ၊ အရံစေတီရှစ်ဆူ၊ အတွင်းစေတီတစ်ဆူတို့ကို ၁၃၆၉ခုနှစ် ကဆုန်လဆန်း ၉ရက်(ဧပြီ ၂၄ရက်)အင်္ဂါနေ့ နံနက် ၉နာရီတွင် တင်လှူပူဇော်မည်ဖြစ်၍ ခုနစ်ရက်သားသမီးများ ကြွရောက်ပူဇော်ကြရန် နှိုးဆော်ဖိတ်ကြားထားသည်။ (က-ပ)

## မဟာစည်ဝိပဿနာ အလုပ်ပေးတရားစခန်း ကျင်းပမည်

ရန်ကုန် ဧပြီ ၇

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးအား ပူဇော်သောအားဖြင့် မင်းကွန်းတောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်ကြီး၌ ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ ဆရာတော်နှင့် ရန်ကုန်မြို့ သဒ္ဓမ္မဇောတိကရည် မဟာစည်သာသနာ့ရိပ်သာ ဆရာတော် ဘဒ္ဒန္တ သုဇန (ဝိနယဝိဒူ) အရှင်မြတ်တို့က ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ မဟာစည် ဝိပဿနာ အလုပ်ပေးတရားစခန်းကြီးကို တန်ခူးလပြည့်ကျော် ၈ရက်မှ ကဆုန်လဆန်း ၃ ရက်(ဧပြီ ၉ ရက်မှ ၁၈ ရက်)အထိ ၁၀ ရက်တိုင် ကျင်းပမည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများအနေဖြင့် တန်ခူးလပြည့်ကျော် ၇ ရက် နောက်ဆုံးထား၍ တိပိဋကဓမ္မနာဒ စာသင်တိုက် ဖုန်း-၀၉၅၀၁၁၇၃၃၊ ၂၀၀၆၁၃၉ နှင့် မန္တလေးတိ-နိဌာနခွဲ ဖုန်း-၀၂-၃၀၁၉၀ သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## "သတိပြုရန်"

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်-

**(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။**

**(၂) အပျော်လွန်ကျူးစည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။**

**(၃) မော်တော်ယာဉ်များတွင် အိပ်ဇောပိုက်ဖြုတ်မမောင်းရ။**

**(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲမမောင်းရ။**

**(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။**

**(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။**

**(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။**

**(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။**

**(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။**

**(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။**

**(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝ မတီးရ။**

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ၊ မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူ ဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီ ပစ္စည်းကိရိယာများဖြစ်သော CCTV Camera, Redlight Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

**ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

**ရန်ကင်းမြို့နယ် (၈)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲနှင့် ခြံစည်းရိုးကြက်ဆူစေ့ ပေးအပ်ပွဲကို ဧပြီ ၇ရက်က အမက(၅) ကျောင်းခန်းမတွင် ကျင်းပရာ ရပ်ကွက်အလုပ်အမှုဆောင် ဦးလှကိုက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်ထံ ခြံစည်းရိုးကြက်ဆူစေ့များ ပေးအပ်စဉ်။** (က-ပ)



**တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲကို အလက(၃)၌ ကျင်းပရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက်ကျပ် သုံးသိန်းကို တာမွေကြီး(ခ)ရပ်ကွက် ၁၆၅ လမ်းနေ သီရိသုမေ့သီဂီ ဒေါ်ခင်ဆွေဦးက လှူဒါန်းရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် လက်ခံစဉ်။** (က-ပ)



## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၇ (တနင်္ဂနွေနေ့)

၁၃၆၈ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်** |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၅ | ၅။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈း၀၀ | ၆။ | လုပခံ့ညား ဖျာပုံတံတား |
| ၈း၁၅ | ၇။ | ခါသင်္ကြန်အဆိုအကများ |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | Say it in English. |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | ခါသင်္ကြန်အဆိုအကများ |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ |
| ၁၁း၄၀ | ၄။ | Yan Can Cook. |
| ၁၁း၅၅ | ၅။ | **မြန်မာရုပ်ရှင် "မောင်တို့ချယ်ရီမြေ" (ဝင်းဦး၊ ခင်သန်းနု) (ဒါရိုက်တာ-ဦးတင်ယု)** |
| ၂း၀၀ | ၆။ | သာခုခေါ်ဆိုဖွယ်ရာ အလင်းအလှူတော်မင်္ဂလာ |
| ၂း၁၇ | ၇။ | **"မနိုင်သောအရှုံး" (ဟက်ကတ်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)** |
| ၂း၃၀ | ၈။ | ကွန်ချောင်းရေလှောင်တမံ |
| ၂း၄၅ | ၉။ | International News. |
| ၃း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊စစ်သည်တေး |
| ၄း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၃၀ | ၃။ | ခါသင်္ကြန်အဆိုအကများ |
| ၄း၄၅ | ၄။ | **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)** |
| ၅း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၅း၁၀ | ၆။ | မြန်မာရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန် (၁၃၆၇ခုနှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၁ရက်၊ မဟာသင်္ကြန်အကြိုနေ့) |
| ၅း၂၀ | ၇။ | သစ်ရွက်ဆွေး သဘာဝ မြေဩဇာပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၅း၂၅ | ၈။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၁၁။ | သီရိဂေဟာ |
| ၇း၀၀ | ၁၂။ | ခါသင်္ကြန်အဆိုအကများ |
| ၇း၁၅ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၁၇)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ" (အပိုင်း-၈)** |
| | ၁၈။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

## ❀ ဆန့်ကျင်ဘက်အဖွဲ့အစည်းများမှ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလ၌ သတင်းနှင့်ဆက်သွယ်ရေး နည်းပညာသည် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွှယ်ပြောင်းလဲနေလျက်ရှိကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ သတင်းဆက်သွယ်မှုနည်းပညာသည်လည်း အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့ကြောင့် သတင်းဆက်သွယ်မှုနည်းပညာရေစီးကြောင်းပေါ်က စာနယ်ဇင်းနှင့် ရုပ်မြင်သံကြားစသည့် မီဒီယာများသည် ပြည်သူလူထုအတွက် အလွန်အရေးပါလျက်ရှိနေကြကြောင်း။

လူထုဆက်သွယ်ရေး လုပ်ငန်းအမျိုးမျိုးရှိသည့်အနက် ပြည်သူလူထုအတွင်း အလျင်မြန်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည်မှာ ရုပ်မြင်သံကြားပင်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြား၏ အစွမ်းထက်မှုကြောင့် အချိန်တိုအတွင်းတွင် ကမ္ဘာ့ပြောင်းလဲမှုဖြစ်စဉ်များကို အချိန်နှင့် တစ်ပြေးညီ သိမြင်နိုင်ကြပြီး အကျိုးအပြစ် သင်ခန်းစာများကိုလည်း ဖော်ထုတ်ပေးနိုင်ကြောင်း။

ယနေ့ ခေတ်မီ အီလက်ထရွန်နစ် သတင်းဖြန့်ချိမှု နည်းလမ်းများကို တွင်ကျယ်စွာ အသုံးပြုနိုင်သည့် နိုင်ငံကြီးတချို့သည် ခေတ်မီပြန်ကြားရေးနည်းစနစ်ကို အသုံးချပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ၎င်းတို့၏ အတွေးအခေါ်၊ အယူအဆ၊ လူနေမှုစနစ်နှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို ဇွတ်အတင်း သွတ်သွင်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ပြည်ပနိုင်ငံကြီးတချို့က မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအပေါ် အခြားကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားအောင် မီဒီယာကို လက်နက်သဖွယ် အသုံးပြုလျက်ရှိကြောင်း၊ ထို့အပြင် ပြည်တွင်း၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းအောင်၊ ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲအောင်၊ နိုင်ငံတော်ကြီးအေးချမ်းတည်ငြိမ်မှုမရှိအောင်၊ မဟုတ်မမှန် ကောလာဟလ သတင်းများကို လုပ်ကြံထုတ်လွှင့်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

ယင်းအန္တရာယ်ကနေ ပြည်သူများကို အကာအကွယ်ပေးနိုင်ရန်အတွက် မှန်ကန်သည့် သတင်းများကို မီဒီယာနည်းလမ်းများနှင့်ပင် ထိထိရောက်ရောက် ပြန်လည် အသုံးချဆောင်ရွက်ရန်လိုကြောင်း ပြောကြားလိုကြောင်း၊ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ မမှန်မကန် အပြော၊ အဆို၊ လုပ်ရပ်နှင့် စွပ်စွဲချက်များ၊ မမှန်မကန် ထုတ်လွှင့်ပြသမှုများအပေါ် မိမိတို့၏မီဒီယာများနှင့် ထိထိရောက်ရောက် တန်ပြန်ချေဖျက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

ရုပ်မြင်သံကြားလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သကဲ့သို့ အရေးပါသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အတတ်ပညာနှင့် အနုပညာပေါင်းစပ်ပြီး နယ်ပယ်အသီးသီး ဆက်စပ်ပေါင်းစည်း ဆောင်ရွက်ရသည့် လုပ်ငန်းလည်းဖြစ်ကြောင်း။

ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဆိုသည့် ရည်မှန်းချက်တာဝန်များနှင့် မီဒီယာလုပ်ငန်းဆောင်ရွက်နေသည့် မြဝတီရုပ်မြင်သံကြားသည် ၁၂နှစ်တာ ကာလအတွင်း အတွေ့အကြုံနှင့် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ပကတိအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသနိုင်ခဲ့သကဲ့သို့ ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားပြီး အပန်းပြေစေနိုင်ရန် သုတ၊ ရသ ကဏ္ဍစုံစွာ ထုတ်လွှင့်ပြသနိုင်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ရုပ်မြင်သံကြားလုပ်ငန်းကို သမားရိုးကျ ပုံမှန်ဆောင်ရွက်နေ၍ မဖြစ်ဘဲ တီထွင်ကြံဆပြီး အမြဲတမ်းဆန်းသစ်နေအောင် လုပ်ဆောင်နိုင်ပါမှ အရည်အသွေးမြင့်မားသည့် မီဒီယာအဖြစ်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေနိုင်မည်ဖြစ်ကြောင်း။

ဤကဲ့သို့ ရလဒ်ကောင်းရရန်အတွက် မြဝတီရုပ်မြင်သံကြား၌ တာဝန်ထမ်းဆောင်ကြသူ အသီးသီးသည် တစ်ဦးကောင်း တစ်ယောက်ကောင်း ဆောင်ရွက်၍မရဘဲ အားလုံးတက်ညီလက်ညီ အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားလိုကြောင်း။

ယနေ့ဆုချီးမြှင့်ခြင်းသည် တစ်နှစ်တာအတွင်း ကြိုးစားအားထုတ်ခဲ့ကြသည့် စစ်သည်၊ ဝန်ထမ်းများကို အသိအမှတ်ပြုခြင်းပင်ဖြစ်ကြောင်း၊ ဆုရသူများအနေဖြင့် ဂုဏ်ယူစိတ်ဖြင့် ပိုပြီးကြိုးစားဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ ကျန်ဝန်ထမ်းများကလည်း ဆတက်ထမ်းပိုး ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

ယနေ့အခမ်းအနားတွင် မြဝတီစာပေတိုက်က နှစ်စဉ်ကျင်းပနေသည့် မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းတို့၌ ဖော်ပြခဲ့သော တစ်နှစ်အတွင်း အကောင်းဆုံးဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းဆုများကိုလည်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း။

စာပေအနုပညာသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်၌ ဩဇာအရှိန်အဝါကြီးမားလှကြောင်း၊ အမျိုးသားရေးအကျိုးစီးပွားအတွက် စာပေအနုပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရက အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မြဝတီစာပေတိုက်သည် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသော စာပေလက်ရုံးတစ်ဆူ ဖြစ်လာစေရန် ယခုကဲ့သို့စာပေနှင့် ဓာတ်ပုံဆိုင်ရာဆုများကို နှစ်စဉ်ချီးမြှင့်ပေးအပ်နေခြင်းပင်ဖြစ်ကြောင်း။

မြဝတီနှင့် ငွေတာရီမဂ္ဂဇင်း နှစ်စောင်သည် မြန်မာစာပေလောက၌ သိက္ခာရှိသည့် ဝါရင့်မဂ္ဂဇင်းနှစ်စောင်ဖြစ်ကြောင်း၊ ခေတ်စနစ်များ ဘယ်လိုပင်ပြောင်းပြောင်း အစဉ်အလာမပျက် ထုတ်ဝေနိုင်ခဲ့ကြောင်း၊ စာကောင်းပေမွန်များ ရွေးထုတ်ပေးနိုင်သကဲ့သို့ ဝါရင့်စာပေပညာရှင်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေစဉ်ကတည်းက ဓာတ်ပုံလက်စွမ်းပြကဏ္ဍအဖြစ် ဓာတ်ပုံပညာရှင်ကြီးများ၏ ဓာတ်ပုံပြိုင်ပွဲကို နှစ်စဉ်ထည့်သွင်း ဆောင်ရွက်ခဲ့သည်မှာ ယနေ့အထိဖြစ်ကြောင်း။

မြဝတီစာပေတိုက်က ထုတ်ဝေသည့် စာအုပ်၊ စာစောင်များသည် စာဖတ်သူပြည်သူများ အတွေးအခေါ်၊ အသိအမြင် ရင့်ကျက်ပြီး ဇာတိသွေး၊ ဇာတိမာန်ရှင်သန်ထက်မြက်လာအောင်နှင့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားလာအောင် စာပေအနုပညာရှင်ကြီးများက စာပေစွမ်းပကားဖြင့် အမြဲမပြတ် စေ့ဆော်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယခု ဆုချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များသည် မိမိတို့၏ စာပေနှင့် ဓာတ်ပုံအနုပညာအပေါ်တန်ဖိုးထား ကြိုးစားအားထုတ်မှုနှင့် မြဝတီစာပေတိုက်အပေါ်ထားရှိသည့် သံယောဇဉ်တို့ကြောင့် လေးစားစွာ ဂုဏ်ပြုချီးမြှင့်မှုကို ခံယူရရှိခြင်းဖြစ်ကြောင်း ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ နိုင်ငံတော်အဆင့် စာပေဆု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆု၊ တပ်မတော်နေ့အထိမ်းအမှတ်ပြိုင်ပွဲ ဆုရရှိသူများနှင့် မြဝတီရုပ်မြင်သံကြားမှ စစ်သည်၊ ဝန်ထမ်းများကို ဆုများချီးမြှင့်သည့်အပြင် မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်အပေါ် သံယောဇဉ်ကြီးစွာဖြင့် ပံ့ပိုးကူညီခဲ့သည့် ပုဂ္ဂိုလ်များကိုပါ ဂုဏ်ပြုရသည့်အတွက် မင်္ဂလာရှိပြီး ကျက်သရေအဖြာဖြာ ပြည့်စုံသည့် အခမ်းအနားဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ မြဝတီရုပ်မြင်သံကြားနှင့် မြဝတီစာပေတိုက်တို့သည်–

- **ထက်မြက်သည့် မီဒီယာစွမ်းပကားကို အကျိုးရှိရှိ အသုံးချပြီး ပြည်သူများ အသိဉာဏ်ဗဟုသုတ ကြွယ်ဝကာ အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကြည်လင်ထက်သန်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုး သယ်ပိုးရင်း ထက်မြက်မြင့်မားပြီး ဂုဏ်သိက္ခာရှိသည့် မီဒီယာလုပ်ငန်းများဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြပါ**

ဟုတိုက်တွန်းမှာကြားသွားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အကောင်းဆုံး ကင်မရာရိုက်ကူးသူဆုရ ဒုတိယအရာခံဗိုလ်လှထူး၊ အကောင်းဆုံး သတင်းကြေညာသူဆုရရှိကြသည့် အရာခံဗိုလ်(အစားခန့်) စောကလျာဦးနှင့် ဒုတိယအရာခံဗိုလ်(အစားခန့်) ခင်အိအိလွင်၊ အကောင်းဆုံး အစီအစဉ်မှူး ထူးချွန်ဆုရတပ်ကြပ်ကြီး(အစားခန့်) စောမြစန္ဒာ၊ အကောင်းဆုံး ထုတ်လုပ်ရေးမှူး ထူးချွန်ဆုရ အရာခံဗိုလ်(အစားခန့်)ဖြူဖြူထွန်း၊ အကောင်းဆုံး အယ်ဒီတာ ထူးချွန်ဆုရ ဒုတိယအရာခံဗိုလ်(အစားခန့်) တင်တင်နွဲ့၊ အကောင်းဆုံး ကွန်ပျူတာ ထူးချွန်ဆုရ တပ်ကြပ်ကြီး(အစားခန့်) လှမျိုးအောင်၊ အကောင်းဆုံး ဂီတထူးချွန်ဆုရ တပ်ကြပ်ကြီးမျိုးဝင်း၊ အကောင်းဆုံး ဆက်တင်ထူးချွန်ဆုရ တပ်ကြပ်ကြီး အေးလွင်နှင့် စက်မှုဌာနဆိုင်ရာချီးမြှင့်ငွေများကို စက်မှုဌာနမှ ဗိုလ်ကြီးတင်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ ဇော်ဇော်ထွန်း(ကျောက်မဲ)နှင့် တတိယဆုရ ကျော်ဝင်းလှိုင်တို့အားလည်းကောင်း၊ မြဝတီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုရ ကာတွန်းမြေဇာ၊ "ကိုယ့်ရပ်ကိုယ့်ရွာသာစေကြောင်း" ကဗျာဖြင့် အကောင်းဆုံးကဗျာဆုရ မောင်စောထွန်း (ကျောင်းကုန်း)၊ "ပုဂံခေတ်ကပျူမြန်မာ"ဆောင်းပါးဖြင့် အကောင်းဆုံးဆောင်းပါးဆုရ မောင်ကြည်ပန်း(မြင်းကပါ) နှင့် "ပါးမှာနံ့သာ" ဝတ္ထုဖြင့် အကောင်းဆုံးဝတ္ထုတိုဆုရ ကိုနိုင်း(ချင်းတောင်) တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၆ ခုနှစ် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုရ ကာတွန်းရွှေကိုဦး၊"နမ့်ပါ"ကဗျာဖြင့် အကောင်းဆုံးကဗျာဆုရ ညွန့်ဝေ(ကသာ)၊ "အကျွန်သူ့ပါးကိုတို့ခဲ့မိလို့" ဆောင်းပါးဖြင့် အကောင်းဆုံး ဆောင်းပါးဆုရ သာထွန်းငြိမ်း(ပခုက္ကူ)၊ "ဆောင်းစပါးပွင့်ချိန်" ဝတ္ထုတိုဖြင့် အကောင်းဆုံး ဝတ္ထုတိုဆုရ ခြင်ကျား(မအူပင်)နှင့် မျိုးစေ့မသေ မြေဆီမခန်း" ဝတ္ထုရှည်ဖြင့် အကောင်းဆုံးဝတ္ထုရှည်ဆုရ မင်းချမ်းမွန်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေက (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) ယဉ်ယဉ်ထွန်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) အကပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး(အစားခန့်) အေးလဲ့ဝါဝါအောင်၊ အဆင့်မြင့် ပညာအဆင့်(အမျိုးသမီး) အကပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်မှ တပ်ကြပ်ကြီး(အစားခန့်) မေလဲ့နှောင်း၊ ပညာရှင်အဆင့်(အမျိုးသား) အကပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သူ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒုတိယအရာခံဗိုလ်ဝင်းသန်း၊ ၂၀၀၆ ခုနှစ် (၁၇)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲတွင် ဝတ္ထုတို ပထမဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) သက်ဦးနှင့် ၂၀၀၆ ခုနှစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြိုင်ပွဲတွင် ဝတ္ထုတိုပြိုင်ပွဲ တတိယဆုရရှိခဲ့သူ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ အရာခံဗိုလ်(အစားခန့်) လေးနိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြဝတီရုပ်မြင်သံကြား ဒွါဒသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံး စာမူဆု၊ မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

ဆက်လက်၍ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သူ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မယဉ်နွယ်အေး၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ သိပ္ပံတွဲ ဘာသာစုံဂုဏ်ထူးဆု မြန်မာတစ်နိုင်ငံလုံး အဆင့်(၇) ရရှိခဲ့သူ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မဝင့်ဝါထက်ထက်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က သိပ္ပံတွဲ ဘာသာစုံဂုဏ်ထူးဆု မြန်မာတစ်နိုင်ငံလုံး အဆင့်(၁၀)ရရှိခဲ့သူ မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်စိုးသီဟနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး ဆုရရှိသော မင်္ဂလာဒုံမြို့နယ် အမှတ်(၂)၊ အခြေခံပညာ အထက်တန်းကျောင်းမှ အရာခံဗိုလ်(နည်းပြ) စောရွှေတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက မြဝတီရုပ်မြင်သံကြားတွင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသည့် အတတ်ပညာရှင်များအားလည်းကောင်း၊ မြဝတီစာပေတိုက်တွင် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် စာပေနှင့် ဓာတ်ပုံပညာရှင်များအား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံပြီး မြဝတီတေးဂီတအဖွဲ့မှ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

---

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၈–၄–၂၀၀၇ (တနင်္ဂနွေနေ့)

#### နံနက်ပိုင်း

| | | |
|---|---|---|
| **၇:၀၀** | ၁။ | မြဝတီအဖွင့် |
| **၇:၀၅** | ၂။ | အဖွင့်သီချင်း |
| **၇:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၇:၂၀** | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| **၇:၃၀** | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| **၇:၄၅** | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| **၇:၅၀** | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၇:၅၅** | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၈:၁၀** | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၈:၁၅** | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| **၈:၁၆** | ၁၂။ | ပြီးပါပြီ။ |

#### နေ့လယ်ပိုင်း

| | | |
|---|---|---|
| **၁၂:၀၀** | ၁။ | မြဝတီအဖွင့် |
| **၁၂:၀၅** | ၂။ | အဖွင့်သီချင်း |
| **၁၂:၁၀** | ၃။ | မျိုးချစ်တပ်မတော် |
| **၁၂:၂၀** | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၁၂:၃၀** | ၅။ | **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – (ဂ)ကွေ့** |
| **၁၃:၅၀** | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၁၃:၅၅** | ၇။ | အပိတ်နှုတ်ဆက်စကား |
| **၁၄:၀၀** | ၈။ | ပြီးပါပြီ။ |

#### ညပိုင်း

| | | |
|---|---|---|
| **၄:၀၀** | ၁။ | မြဝတီအဖွင့် |
| **၄:၀၅** | ၂။ | အဖွင့်သီချင်း |
| **၄:၂၀** | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| **၄:၃၀** | ၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၄:၃၅** | ၅။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| **၄:၄၅** | ၆။ | ခါသကြိန်အဆိုအကများ |
| **၄:၅၅** | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| **၅:၀၀** | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| **၆:၀၀** | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| **၆:၁၀** | ၁၀။ | နိုင်ငံတကာသတင်း |
| **၆:၁၅** | ၁၁။ | မိုးလေဝသသတင်း |
| **၆:၂၀** | ၁၂။ | ခါသကြိန်အဆိုအကများ |
| **၆:၃၀** | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| **၆:၄၀** | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| **၆:၄၅** | ၁၅။ | အံ့ဩဖွယ်ရာဆပ်ကပ်ပညာ |
| **၇:၀၀** | ၁၆။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရှိတော့ရှိတယ် ရှားတယ်" (အပိုင်း–၅)** |
| **၈:၀၀** | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | ပဟေဠိနန်းတော် |
| | ၂၀။ | ကျန်းမာသုတ |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး" (အပိုင်း–၃၄)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

## သီတဂူဆရာတော်၏ မိဘာရိပ်မွေ့သဘင် ကျင်းပမည်

**ရန်ကုန် ဧပြီ ၇**

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt) (Ph.D) သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၂၀)ရပ်ကွက် လှော်ကားလမ်း အမှတ်(၁)ရှိ သိရီသုဓမ္မမဏိဇောတရေ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး (မိဘာရိပ်)–သိရီသုဓမ္မသီဂီ သီတဂူဒေါ်အေးသိန်း၊ သားများဖြစ်ကြသော မောင်ထက်နေဦး၊ မောင်ညွန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း (ခ)ခွန်ရွှေမြင့် မိဘာရိပ်ကုမ္ပဏီလီမိတက်၊ မိဘာရိပ်သစ်စက် မိသားစုတို့၏ အလှူမင်္ဂလာမဏ္ဍပ်ရှေ့၌ (၁၃၆၉ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်) ဧပြီ ၁၉ ရက် (ကြာသပတေးနေ့) ည ၇နာရီတွင် သီတဂူဓမ္မသဘင် အထူးတရားပွဲ ကျင်းပမည်ဖြစ်သည်။ ၎င်းတရားပွဲတွင် သီတဂူဆရာတော်ကြီး၏ အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာ့ဗိမာန်အဆောက်အအုံအတွက် လှူဒါန်းလိုသူများသည် မိဘာရိပ်သီတဂူ ဓမ္မသဘင်ကျင်းပ ရေးလုပ်ငန်းကော်မတီရုံး တယ်လီဖုန်းအမှတ် ၀၁–၅၈၀၅၈၀ နှင့် ၀၁–၅၈၁၄၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## လှည့်လည်ကြည့်ရှု

**ဧပြီ ၆ ရက်က ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းထုတ်ကုန် အရောင်းပြပွဲ ၂၀၀၇ ဖွင့်ပွဲအခမ်း အနားအပြီးတွင် မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဧည့်သည်တော် များ ပြခန်းအတွင်း လှည့်လည် ကြည့်ရှုစဉ်။**

(အမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း)




**မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းရှိ ကုမာရာ ရာမ ပရဟိတစာသင်တိုက် ကျောင်းဆောက်ရန် မရမ်းကုန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာရေး မိသားစုများကလှူဒါန်ငွေ ကျပ်သုံးသိန်းရှစ်သောင်းကို ကျောင်းတိုက်ပဓာနနာယကဆရာတော်ဘဒ္ဒန္တကုမာရ (ဓမ္မာစရိယပထမကျော်) ထံ ကျောင်းအုပ်ဆရာကြီး ဦးမြသန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## ကျိုက္ကစံလယ်တီကျောင်းတိုက် ဒုလ္လဘရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီး မူလပဓာနနာယက ဆရာတော် (အဂ္ဂမဟာ ကမ္မဋ္ဌာနာ စရိယ) ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော် ရှင် လယ်တီဆရာတော်ကြီးအား ရည်စူးကုသိုလ်တော်အဖြစ် ဥပသမ္ပဒ မင်္ဂလာ ဒုလ္လဘ ရဟန်းခံ ရှင်ပြုပွဲနှင့် ဒုလ္လဘ သီလရှင်ဝတ်ပွဲ အလှူတော် မင်္ဂလာအခမ်းအနားကို ယင်းကျောင်း တိုက်ကြီး၌ ဧပြီ ၁၈ ရက် (မြန်မာ နှစ်ဆန်း ၂ ရက်) (ဗုဒ္ဓဟူးနေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ရာ ရဟန်းတစ်ပါးလျှင် သင်္ကန်း ပရိက္ခရာတစ်စုံ အလှူငွေကျပ် ၅၀၀၀၊ သာမဏေတစ်ပါး ပရိက္ခရာတစ်စုံ၊ အလှူငွေကျပ် ၄၀၀၀ နှင့် သီလရှင် တစ်ပါး ဝတ်စုံပြည့်အလှူငွေကျပ် ၅၀၀၀ တို့ဖြင့်လှူဒါန်း၍ သာသနာ့အမွေခံယူ နိုင်သည်။ ယင်းအလှူပွဲ ကိုးရက် အဓိဋ္ဌာန်ပွဲကြီးတွင် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ နှင့် ညနေ ဖျော်ရည် တို့ကို လှူဒါန်းလိုပါက ဖြစ်မြောက် ရေးအဖွဲ့ ဖုန်း–၅၆၀၇၁၀နှင့် ၅၆၄၇၄၃ တို့သို့ ဆက်သွယ် စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်းသိရသည်။ (၅၀၆)



**Ever Smile Group မှ အားမာန်သစ် မော်တော်ယာဉ်များကို ပြသထားစဉ်။**

(သတင်းစဉ်)

## ၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၇**

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေဝတီရေတပ်စခန်း ဌာနချုပ်–ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့ရှိ တပ်မတော် (ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊စစ်သည်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် အသင်း ၁၃ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုကို ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းက ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်း ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီး ချုပ်(ရေ)ကိုယ်စား ရေဝတီရေတပ်စခန်းဌာနချုပ်–ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က ပေးအပ်ချီးမြှင့်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇) အားမာန်သစ်မော်တော်ယာဉ်များ ခင်းကျင်းပြသ

ရန်ကုန် ဧပြီ ၇

**မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ထုတ်ကုန်အရောင်းပြပွဲ (၂၀၀၇)ကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဧပြီ ၆ရက်မှ ၈ရက်အထိ ပြသလျက်ရှိရာ Ever Smile Groupမှ အားမာန်သစ်မော်တော်ယာဉ်များကို ပြသလျက်ရှိသည်။**

အားမာန်သစ်မော်တော်ယာဉ်ထုတ်လုပ်ရေးမှထုတ်လုပ်သည့် AMT-1 Ton ( Light Truck ) မော်တော်ယာဉ် အမျိုးအစားများတွင် အင်ဂျင်များကို 2C (Turbo) 2Y, 2C, 3C (Turbo), Q1, Q5 ဟူ၍ ခွဲခြားထုတ်လုပ်ထားသည်။ ဂီယာအမျိုးအစားများမှာ 5 Speed, 5 Speed (Manual)- Auto, 4 Speed (Manual) တို့ဖြစ်သည်။ စတီယာရင် အမျိုးအစားမှာ Power Steering ဖြစ်သည်။ Model အမျိုးအစားမှာ AMT-08, AMT-09, AMT-010တို့ဖြစ်ပြီးဝယ်ယူသူက နှစ်သက်ရာဆေးအရောင်ဖြင့် မှာကြားနိုင်သည်။ ထို့ပြင် ကုမ္ပဏီမှ ကားအရန်ပစ္စည်းများကို Mould ဖြင့် ပြုလုပ်ရောင်းချပြီး ကားခေါင်းခန်း (အလုံးလိုက်)၊ ကားနောက် ဘော်ဒီအလုံး၊ ဖရိန်၊ ဆီတိုင်ကီ၊ အိတ်ဇော တို့ကိုပါ ပြုလုပ်ပေးသည်။ လိုင်းကား၊ လုပ်ငန်းသုံးကားများအတွက် သဘာဝဓာတ်ငွေ့ (CNG) သုံးကားအဖြစ် ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

### ဖွင့်လှစ်ထားရှိ

အားမာန်သစ်မော်တော်ယာဉ်များကို အမှတ်(၂၂၉) ကနောင်မင်းသားကြီးလမ်း စက်မှုဇုန်(၂) လှိုင်သာယာ ဖုန်း–၆၈၂၈၁၃၊ ၆၈၂၈၁၄ မှ ထုတ်လုပ်ပြီး အရောင်းပြခန်းကို အမှတ်(၄၂၃) အောက်ကြည့်မြင်တိုင် လမ်းမကြီး (သီတာရပ်ရှင်ရုံအနီး) အလုံမြို့နယ် ဖုန်း–၂၂၀၅၀၂၊ ၀၉၅၁၄၇၈၂၈၊ ၀၉၈၀၃၀၃၃၆ တို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)





## မိုးသောက်ကြယ် အထွေထွေဗဟုသုတမှတ်စုစာအုပ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဧပြီ ၇**

ဗိုလ်လောင်းဖြေဆိုမည့် သူများနှင့် ဝန်ထမ်းရွေးချယ်ရေးစာမေးပွဲ ဖြေဆိုသူများအတွက် ရည်ရွယ်၍ ဗိုလ်ကြီး လှရွှေ(ငြိမ်း) ပြုစုသည့် "မိုးသောက်ကြယ်" အထွေထွေဗဟုသုတ မှတ်စု စာအုပ် ထွက်ရှိလာသည်။




အဆိုပါစာအုပ်တွင် အင်အားကြီး နိုင်ငံများ၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများနှင့် အာဆီယံနိုင်ငံများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အကြောင်းကို မြေပုံများ၊ သမိုင်း ဖြစ်စဉ်များနှင့်တကွ ပြည့်စုံစွာဖော်ပြ ထားပြီးစာမျက်နှာ၃၂၀ကျော် ပါရှိသည်။

Knowledge For Allဟု ဆိုထားပြီး တိုးတက်မှုရှာဖွေနေကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် များစွာအထောက်အကူပေးမည့် စာအုပ်ဖြစ်သည်။

ဗိုလ်ကြီးလှရွှေ(ငြိမ်း)သည် တက်လမ်း အထွေထွေဗဟုသုတမှတ်စုနှင့် အောင်မြင်ရေး အထွေထွေဗဟုသုတမှတ်စုတို့ကို ထုတ်ဝေခဲ့ပြီး ယခုထွက်ရှိသည့်စာအုပ်မှာ ယခင်ထွက်ပြီး စာအုပ်များထက် ပိုမိုကောင်းမွန်အောင် ကြိုးစားထားကြောင်း၊ စာအုပ်တန်ဖိုးမှာ ကျပ် ၁၅၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဂုဏ်ပြုလွှာဆက်ကပ်

**မင်္ဂလာ တောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်ရှိ အသီတိ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ မာဃမထေရ်၏ သက်တော် (၈၈)နှစ်ပြည့်မြောက် ဝိဇာတမွေးနေ့မင်္ဂလာ သိက္ခာထပ် နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရှေးဟောင်းပြတိုက်သို့ ဆင်စွယ်ကို ပုရပိုက်ပြုလုပ်ကာ မန်ကျည်းစေ့များ ကို လှီးထွင်းပြီး ကမ္မဝါစာပြုလုပ် ထားသည့် နှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်းပုရပိုက် ၁၂ ချပ်နှင့် ကမ္မဝါစာတိုက်ဗီရို လှူဒါန်းခြင်းကို ဧပြီ ၅ ရက်က ရွှေတိဂုံစေတီ ရှေးဟောင်းတန်ဆောင်းအတွင်း၌ ပြုလုပ်ရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးမင်းထွဋ် ဆရာတော်အား ဂုဏ်ပြုလွှာ ပြန်လည် ဆက်ကပ်စဉ်။** (၃၂)

## ထူးခြားသည့် နေ့အပူချိန်များ

၇–၄–၂၀၀၇

**မင်းဘူး၊ သာယာဝတီနှင့် မြင်းမူ**

၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒီဂရီဖာရင်ဟိုက်)

**မြင်းခြံ၊ ညောင်ဦး၊ ချောက်နှင့် မကွေး**

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

**ရန်ကုန်**

၃၉ ဒီဂရီစင်တီဂရိတ် (၁၀၂ ဒီဂရီဖာရင်ဟိုက်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့ပတ်လမ်းဖောက်လုပ်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု စစ်ဆေး

နေပြည်တော် ဧပြီ ၇

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဧပြီ ၄ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း၌ ပျိုးထောင်ပေးသည်။**

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များ၌လည်းကောင်း၊ သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း အသီးသီး ပျိုးထောင် စိုက်ပျိုးပေးကြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လှည့်လည်ကြည့်ရှု အားပေးသည်။ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပျိုးခြံ၌ ခြံစည်းရိုးကြက်ဆူ အပင် ၂၄၀၀၀၀ကို ပျိုးထောင်ထားပြီးဖြစ်၍ စိုက်ပျိုးရာသီ၌ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ဇီဝဒီဇယ် လောင်စာထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ခြံစည်းရိုးကြက်ဆူစေ့ အခွံချွတ်စက်နှင့် ဆီကြိတ်စက်များကိုလည်းကောင်း၊ ဇီဝဒီဇယ်လောင်စာဆီသန့်စက်၏ စက်အစိတ်အပိုင်းများကိုလည်းကောင်း၊ စက်များလည်ပတ်၍ ဇီဝဒီဇယ် လောင်စာဆီထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကိုလည်းကောင်း လိုက်လံရှင်းလင်းတင်ပြ၍ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** *





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပေါင်မြို့နယ်ရှိ ကတိုက် ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ မမှန်မကန် စွပ်စွဲချက်များ၊ ထုတ်လွှင့်ပြသမှုများအပေါ် မိမိတို့၏ မီဒီယာများနှင့် ထိထိရောက်ရောက် တန်ပြန်ချေဖျက်ဆောင်ရွက်သွားဖို့ လိုအပ်

ရန်ကုန် ဧပြီ ၇

**မြဝတီရုပ်မြင်သံကြား ဒွါဒသမ နှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည်အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် မှော်ဘီမြို့ရှိ မြဝတီရုပ်မြင်သံကြား၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် ချီးမြှင့်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ မြဝတီရုပ်မြင်သံကြားမှ စစ်သည်/ ဝန်ထမ်းများ၊ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆုနှင့် မြဝတီ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❀



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြဝတီရုပ်မြင်သံကြား ဒွါဒသမနှစ်ပတ်လည်နေ့ ထူးချွန်ဝန်ထမ်းဆုနှင့် မြဝတီစာပေတိုက်၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးစာမူဆု၊ မြဝတီရောင်စုံ ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲတွင် ထူးချွန်ဆုရ ဝန်ထမ်းတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## မြေငလျင်လှုပ်ရှား

**ရန်ကုန် ဧပြီ ၇**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီ ၂၅ မိနစ် ၀၇ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၉၆၀ ခန့်ကွာဝေးသော(မြန်မာနိုင်ငံပြင်ပ) ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

# NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ်မရှိ ကျုံ့ပျော်မြို့နယ်မှ ပါတီဝင် ၃၄ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဧပြီ ၇**

ဧရာဝတီတိုင်း ကျုံ့ပျော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင်၊ ပါတီဝင်များဖြစ်ကြသော ဦးထွန်းစိန်၊ ဦးဝင်းသန်း၊ ဦးစံဝေလျှံ၊ ဦးဝင်းစိုး၊ ဦးမောင်သန်း၊ ဦးအောင်မောင်တင်၊ ဦးလှဖုန်း၊ ဦးထွန်းမြင့်နှင့် ဦးငွေဉာဏ်တို့အပါအဝင် ပါတီဝင် ၃၄ ဦးတို့သည် မတ် ၂၀ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှနုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကျုံ့ပျော်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ ပါတီတာဝန်များကိုလည်း ဆက်လက်ဆောင်ရွက်လိုမှုမရှိတော့ကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

## တိမ်အသင့်အတင့်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**